# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957

**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 6 October 2024 ၁၁၆၀၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ**
စာမျက်နှာ » ၃

**သိစေ၊ ကြားစေ ညွှန်းသက်သေ**
ဆောင်းပါး စာမျက်နှာ » ၆

**ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ မြသီလာ ကျောင်းသား ကျောင်းသူဆောင်ဖွင့်ပွဲ ကျင်းပ**
စာမျက်နှာ » ၈

**လျှပ်စစ်ကို လိုသလောက်သာသုံး တရားမဝင်မသုံးနဲ့ ....**
ဆောင်းပါး စာမျက်နှာ » ၁၀

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစုံ ဧက ၈၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



**ပွင့်ဖြူ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစုံစိုက်ဧက ၈၀၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုက်ပျိုးမည်**

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာ၊ နှမ်း၊ ပန်းနှမ်း စိုက်ပျိုးခြင်းအပြင် ဖူးစားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ စားဖို ဆောင်သီးနှံမျိုးစုံနှင့် အခြားအထွေထွေ စားသုံးသီးနှံများကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ သီးနှံများစိုက်ပျိုးရာ၌ တောင်သူများ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့်ပူးပေါင်းပြီး စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီ

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ☆**

## လွိုင်လင်-ပန်ကေတု-သီပေါလမ်းပိုင်းတွင် ယာဉ်များ သွားလာနိုင်ပြီ

**လွိုင်လင် အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားခဲ့သော လွိုင်လင်-ပန်ကေတု-သီပေါလမ်း မိုင်(၉၀/၄-၉၀/၅) ကြား အရှည်ပေ ၃၆၀ ရှိ ဆားတောတံတားချဉ်းကပ်လမ်းမှာ အောက်တိုဘာ ၄ ရက် ညနေ ၅ နာရီတွင် ယာဉ်များ စတင်သွားလာနိုင်ပြီဖြစ်သည်။

ဆားတောတံတား ချဉ်းကပ်လမ်းမှာ အောက်တိုဘာ ၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် သီပေါဘက်ခြမ်း ကမ်းကပ်ခုံ A1 အောက်ခြေ ရေတိုက်စားပြီး ချဉ်းကပ်လမ်း အလျား ၅၅ ပေ၊ အကျယ်ပေ ၃၀၊ အမြင့် ၂၂ ပေမှာ ရေတိုက်စားမျောပါသွားပြီး ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာ၍ မရတော့ဘဲ လမ်းကြောင်းပြတ်တောက်မှုဖြစ်ခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**



**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ( ၆ )ရက်မြောက်နေ့ ကောက်ယူနေပါသည်။**

ကြေးမုံ

# တိုင်းပြည်တည်ငြိမ်အေးချမ်းမှု လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သည်။ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးပါမှ အဆိုပါနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ပြည်သူအားလုံး ကိုယ်စိတ်နှလုံးအေးချမ်းပြီး လုံခြုံစိတ်ချရသော လူ့ဘောင်အသိုက်အဝန်းတွင် အေးချမ်းစွာနေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့မှသာ ပြည်သူများ၏ လူမှုဘဝနှင့် စီးပွားရေးပါဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် အောင်မြင်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပြည်တွင်း/ပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် မြန်မာနိုင်ငံ၏ အချို့ဒေသများတွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ထိခိုက်လျက်ရှိသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ပြုလုပ်လျက်ရှိသည့် အကြမ်းဖက်အဖျက်သမားများကို တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။ ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်ပြီး ယင်းတာဝန်များကို တပ်မတော်နှင့်အတူ ပြည်သူလူထုနှင့်လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဒီမိုကရေစီနိုင်ငံတွင် ရပ်ရွာလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်များကို ရဲတပ်ဖွဲ့က အဓိကတာဝန်ယူ ထမ်းဆောင်ကြသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြစ်မှုများမဖြစ်အောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး လုပ်ငန်းတာဝန်(၆)ရပ်ကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ပေးရသလို ပြည်သူလူထုကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များကို နားလည်သဘောပေါက်ပြီး အသိအမှတ်ပြုပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လောကတွင် ပြည်သူလူထုအကျိုးကို အစဉ်အမြဲဆောင်ရွက်ပေးနေကြသည့် ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးနှင့် ကာကွယ်ရေးကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ပေးနေကြသူများကို မွန်မြတ်သည့် စေတနာ့ဝန်ထမ်းများဟု ခေါ်ဆိုကြသည်။ မွန်မြတ်သော ရည်ရွယ်ချက်များနှင့်အညီ ပြည်သူလူထု ယုံကြည်စိတ်ချအားကိုးလောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နှစ်(၆၁)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ‘မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်’ ဆိုသည့် မျှော်မှန်းချက်များနှင့် တည်ဆောက်ရာတွင် အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေး၊ စွမ်းရည်ပြည့်ဝရေးနှင့် တာဝန်ကျေပွန်ရေး စသည်များကို စဉ်ဆက်မပြတ် ဆက်လက်ခံယူလေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင်လည်း ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့် ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူက လေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်” တိုက်တွန်းပြောကြားထားသည်။

သို့ဖြစ်ရာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးနေကြသည့် အကြမ်းဖက်အဖျက်သမားများနှင့် ဒုစရိုက်သမားများအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးကို ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး အရှိန်အဟုန်မြှင့် တိုက်ဖျက်နေပြီဖြစ်ရာ ပြည်သူများ၏ လူမှုစီးပွားဘဝ တည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(၃၀-၉-၂၀၂၄ ရက်နေ့မှအဆက်)

ဃ

**သာဓက။** ။

**ဂုဏဝဍ္ဎိ**၊ န - ဂုဏ်အားဖြင့်ကြီးခြင်း။ [ပါ၊ ဂုဏဝဍ္ဎိ]

**ဝယဝုဍ္ဎိ**၊ န - အသက်အရွယ်အားဖြင့်ကြီးခြင်း။ [ပါ၊ ဝယဝုဍ္ဎိ]

**အဗုမာသ**၊ န - လခွဲ။ လဝက်။ [ပါ၊ အဗုမာသ]

**အဗုယောဇန**၊ န - ယူဇနာခွဲ၊ ယူဇနာဝက်။ [ပါ၊ အဗုယောဇန]

ဏ

**သာဓက။** ။

**ကဏ္ဏသုခ**၊ န - နားဝင်ချိုခြင်း။ [ပါ၊ ကဏ္ဏ + သုခ ]

**ပဏ္ဍုကမ္ဗလာ**၊ န - သိကြားမင်းထိုင်ရာကျောက်ဖျာ။ [ပါ၊ ပဏ္ဍုကမ္ဗလ]

**ပဏ္ဏာကာရ**၊ န - လက်ဆောင်ပစ္စည်း။ [ပါ၊ ပဏ္ဏာကာရ]

**ပုဏ္ဏား**၊ န - ဗြာဟ္မဏဇာတ်ဝင် လူမျိုးတစ်မျိုး။ [ပါ၊ ဗြာဟ္မဏ]

**ပုဏ္ဏားကွယ်**၊ န - ၁၊ ဇာတ်ခုံတစ်ဖက်တစ်ချက်ရှိ ဘေးအကာ။ ၂၊ အိမ်၊ ကျောင်း စသည် တံခါးဘေးရှိအကာ။ [ပါ၊ ဗြာဟ္မဏ + မြန်၊ အကွယ်]

**ဝဏ္ဏ**၊ န - ၁၊ အဆင်း။ ၂၊ အက္ခရာ။ [ပါ၊ ဝဏ္ဏ]

**သုဝဏ္ဏလိပ်**၊ န - ၁၊ ရွှေပြားပေါ်တွင် ရေးထားသောစာ။ ၂၊ သဝဏ်လွှာ။ [ပါ၊ သုဝဏ္ဏ + လိပိ]

**အဏ္ဏဝါဗေဒ**၊ န - ပင်လယ်သမုဒ္ဒရာတို့နှင့် ပတ်သက်သောပညာရပ်။ [ပါ၊ အဏ္ဏဝ +ဗေဒ]

**ဥဏ္ဏာလုံ**၊ န - မြတ်စွာဘုရား၏ မျက်မှောင်တော်နှစ်ဖက်ကြားတွင်ရှိသော အမွေးတော်။ မွေးရှင်တော်။ [ပါ၊ ဥဏ္ဏာ + လောမ]

တ

**တ** ၏အနက်လည်း “ပေါင်းစည်းခြင်း” ပင်ဖြစ်သည်။ တ၊ တာ၊ တား ဟူသော တက်ကျသံ သုံးပါးလုံး ပေါင်းစည်းခြင်းအနက်ရှိသည်။ ထိုတွင် **တ** သည် အသံအားလည်း အနည်းဆုံး အနက်အားလည်း အနည်းဆုံးဖြစ်သည်။ **တာ** သည် မူလအသံ၊ မူလအနက်ဖြစ်သည်။ **တား** သည် အားအကြီးဆုံး အသံ၊ အားအကြီးဆုံးအနက်ဖြစ်သည်။ အနက်အင်အားသုံးမျိုးကို ဆက်စပ်နှိုင်းယှဉ်ကြည့်ပါက သိသာထင်ရှားပါသည်။ ထို့ပြင် တက်၊ တတ်၊ တပ် တို့သည် **တ** ၏ တိုင်သံများဖြစ်သဖြင့် **တ** နှင့် အနက်ရင်းအတူဖြစ်ကြရာ တက်၊ တတ်၊ တပ် တို့၏ အနက်များနှင့် နှိုင်းယှဉ်ဆက်စပ်လေ့လာလျှင် **တ** ၏အနက် ပို၍ပေါ်လွင်လာပါမည်။ အားလုံးပေါင်းစည်းခြင်းအနက်ချည်းဖြစ်သည်။

မြန်မာအဘိဓာန်တွင် **တ** ၏အဓိပ္ပာယ်ကို “အောက်မေ့ပြောဆိုသည်” ဟု..အဓိပ္ပာယ်ဖွင့်ပါသည်။ ဘုရားတသည် ဆိုသည်မှာ ဘုရားကိုစွဲမှတ်၍ ရင့်ရှူခြင်းဖြစ်သည်။ ခလုတ်ထိမှ အမိ**တ** ဆိုသည်မှာ ခလုတ်တိုက်မိသောအခါကျမှ အမိ၊ အမယ်ကို သတိရပြီး ရင့်ရှူရွတ်ဆိုခြင်းဖြစ်သည်။ ဘုရားကို အဆက်အသွယ်ပြုမိခြင်း၊ အမိကို အဆက်အသွယ်ပြုမိခြင်းပင်ဖြစ်သဖြင့် ပေါင်းစည်းခြင်းကိုပင် အခြေခံပါသည်။ တောင့်**တ**၊ တမ်း**တ** တို့မှ **တ** ၏ အနက်သည်လည်း ပေါင်းစည်းခြင်းအနက်ပင်ဖြစ်ကြောင်း သိနိုင်ပါသည်။

**တ** ၏ တိုင်သံဖြစ်သော တက်၊ တတ်၊ တပ် တို့၏အနက်တို့လည်း ပေါင်းစည်းခြင်းပင်ဖြစ်ကြောင်း သိနိုင်ပါသည်။ ထိုတွင် **တက်**၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် “ကြိ- ၁၊ အနိမ့်မှအမြင့်သို့၊ အောက်မှအထက်သို့၊ ရပ်တည်ရာမှ ရှေ့သို့ရွှေ့သွားသည်။ ၂၊ တိုးပွားသည်။ ၃၊ အာဏာရယူသည်။ ၄၊ ရုံး၊ ကျောင်း၊ အစည်းအဝေး စသည်သို့ သွားရောက်သည်။” ဟု ဖွင့်ဆိုထားပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် အားလုံး၏အနက်မှာ ဆက်စပ်ခြင်း၊ ပေါင်းစည်းခြင်းပင်ဖြစ်ပါသည်။

ထို့ပြင် **တတ်** ၏ အဓိပ္ပာယ်ကိုလည်း မြန်မာအဘိဓာန်တွင် “ကြိ – နားလည်သဘောပေါက်သည်။ ပြုနိုင်စွမ်း ဖြစ်နိုင်စွမ်းရှိသည်။”ဟုဖွင့်ဆိုထားပါသည်။ နားလည်သဘောပေါက်သည့် အနေအထား၊ ပြုနိုင်ဖြစ်နိုင်သည့် အနေအထားနှင့် ဆက်စပ်မိခြင်း၊ ယှဉ်တွဲမိခြင်း၊ ထိထိမိမိဖြစ်ခြင်းတို့မှာ ပေါင်းစည်းခြင်းပင်ဖြစ်ပေသည်။ တတ်သည်ဆိုသည်မှာ လိုအပ်သည့်၊ ရှိသင့်သည့် အခြေအနေသို့ ရောက်ရှိသဖြင့် ပေါင်းစည်းခြင်းအနက်ဖြစ်သည်မှာ ထင်ရှားပါသည်။

**တပ်** လည်း **တ**၏တိုင်သံပင်ဖြစ်ပါသည်။ **တပ်**ကိုမြန်မာအဘိဓာန်တွင် “ ၁၊ စွဲလမ်းသည်။ စွဲခိုင်သည်။ ၂၊ စွဲခိုင်စေသည်။ ၃၊ (ဘွဲ့အမည်) အပ်နှင်းသည်။ အမည်ပေးသည်။” ဟူ၍ ကြိယာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ ထို့ပြင် “၁၊ စစ်တပ် စသည် အဖွဲ့အစည်း။ ၂၊ ထန်းလုံး၊ သစ်တုံး၊ ဆူးခက် စသည်တို့ကို စိုက်ထူ၍ လုံခြုံစွာပြုလုပ်ထားသော အကာအကွယ်။” ဟူ၍လည်း နာမ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ကြိယာနက်များဖြစ်ကြသော စွဲလမ်းသည်။ စွဲခိုင်သည်။ စွဲခိုင်စေသည်။ (ဘွဲ့အမည်)ပေးအပ်သည်၊ အပ်နှင်းသည်တို့မှ အနက်ရင်းမှာ ပေါင်းစည်းခြင်းဖြစ်ကြောင်း သိသာပါသည်။ နာမ်အဖြစ်သုံးသော စစ်တပ် စသည်အဖွဲ့အစည်းဆိုသည်မှာ စစ်သည်တော် စသည်ကို ပေါင်းစည်းဖွဲ့စုထားသော အပေါင်းအစည်းအစုအဖွဲ့ဖြစ်သည်။ ထန်းလုံးများကို ပေါင်းစည်းစုဖွဲ့ထားသောအကာကို ထန်းလုံးတပ်၊ သစ်တုံးများကို ပေါင်းစည်းစုဖွဲ့ထားသောအကာကို သစ်တပ်စသည် ခေါ်ဝေါ်သမုတ်ကြသည်။ **တပ်**၏အနက်ကား ပေါင်းစည်းတည်း။ **တပ်**စွန်း၊ **တပ်**ပွေ့၊ **တပ်**မက်၊ **တပ်**မြို့ စသည်တို့မှ တပ်၏အနက်ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန်နှင့် ဒေါက်တာ ဘရှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ ဆရာမများ၊ ပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုစဉ်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဖတ်ကြားသည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် "ဆရာ့အသံများကို အလေးထားခြင်း" ဆောင်ပုဒ်ဖြင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားခြင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များ အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန် ဆရာ ဆရာမများ၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရုက္ခဗေဒဌာနမှ အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၂ ဦး၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာမြင့်ဆွေနှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာ မောင်ကျော်တို့ကို ဂါရဝပြုကန်တော့ကြရာ ဆရာကြီး ဆရာမကြီးများကိုယ်စား မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာ ဦးဝင်းနှင့် ဒေါက်တာ မောင်ကျော်တို့က ဩဝါဒစကားပြောကြားကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့ ဆရာများနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ မူထန် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**❂ လှိုင်လင်-ပန်ကေတုမှ**

အဆိုပါတံတားကို အောက်တိုဘာ ၂ ရက်တွင် လှိုင်လင်ခရိုင်လမ်းဦးစီးဌာန ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး၊ မိုင်းကိုင်မြို့နယ် ဦးစီးအရာရှိ(မြို့ပြ) အငယ်တန်းအင်ဂျင်နီယာ(၂)တို့က ကြီးကြပ်၍ ရေလမ်းကြောင်းဖြောင့်ပေးခြင်း၊ မျောရိုက်ပြီး ကတ္တရာပီပါပြားကာရံခြင်း၊ ကျောက်ကြီးဖြည့်ခြင်း၊ ချဉ်းကပ်လမ်းတာပေါင်ဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာ ၄ ရက် ညနေပိုင်းမှစ၍ ယာဉ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သိန်းသန်း(ပြန်/ဆက်)**

**☆ ရွှေဖုံးမှ**

ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လျာထားစိုက်ပျိုးသွားမှာဖြစ်**

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ သီးနှံစုံ စိုက်ဧက ၈၅၆၁၂ ဧက လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးမယ့် ဆောင်းသီးနှံတွေကတော့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းစတဲ့ ဆီထွက်သီးနှံစုံ စိုက်ဧက ၂၇၉၉၂ ဧက၊ ဖူးစားပြောင်းသီးနှံ ၃၀၀၈ ဧက၊ ပဲမျိုးစုံသီးနှံတွေဖြစ်တဲ့ မတ်ပဲ၊ ပဲကြီး၊ ပဲကြား၊ စားတော်ပဲ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲနောက်၊ ပဲယဉ်း၊ ထောပတ်ပဲ၊ ပဲပုပ်နဲ့ အခြားပဲစတဲ့ ပဲမျိုးစုံသီးနှံစိုက်ဧက ၄၁၈၀၀၊ စားဖိုဆောင်သီးနှံစုံ စိုက်ဧက ၂၅၅၇ ဧက၊ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက၊ ကွဲနွားတိရစ္ဆာန်အစာ ၇၉၀၈ ဧက၊ အထွေထွေ စားသုံးသီးနှံ ၃၈၅ ဧက၊ အခြားအမျှင်ထွက်ပင် ဧက ၂၂၀ လျာထားစိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရေဘေးရှောင်ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သရက်တောပရိယတ္တိစာသင်တိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၆ ကျောင်းမှ ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက သရက်တောပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

**တတ်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တတ်ရောက်ကြသည်။



အခမ်းအနားတွင် သရက်တောပရိယတ္တိစာသင်တိုက် ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရေဘေးရှောင်ကျောင်းတိုက်များမှ ဆရာတော်ကြီးများကို သင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် အရှင်ဂဝမ္ပတိမထေရ်စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လယ်ဝေးမြို့ သရက်တောပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စေတနာရှင် ရဟန်းရှင်လူများက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ သရက်တောပရိယတ္တိစာသင်တိုက်နှင့် ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်း ၂၆ကျောင်းတို့အတွက် သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၅၆ သိန်း ၅ သောင်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်းနှင့် ယနေ့ အချိန်အထိ ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း စုစုပေါင်း ၁၇၆ ကျောင်းအတွက် ဝတ္ထုငွေကျပ် ၄၀၃ သိန်း၊ သင်္ကန်း ၁၃၁၃ စုံ၊ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် ၇၀၂ ဆူ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ တဘက်၊ ဆပ်ပြာမှုန့်စသည့် ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်တံတားမြို့နယ်၌ သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

ကျောက်တံတားမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၆) လမ်းအထက်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ သဘာပတိအသင်းစုဥက္ကဋ္ဌ ဦးစန်းရွှေက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးဒေါ်ဥမ္မာမြင့်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော သမဝါယမလုပ်ငန်းများ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းစုဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဒုတိယဥက္ကဋ္ဌ ဦးနိုင်းဝင်းက ဖတ်ကြားတင်ပြပြီး အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်များကို ရယူကာ အသင်းဝင်များ၏ အစုပေါ်အမြတ်ငွေများကို ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

# မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုပြပွဲနှင့် ဆွေးနွေးပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၄ ခုနှစ် နိုင်ငံတကာ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုပြပွဲနှင့် ဆွေးနွေးပွဲများကို "ရှေးဟောင်းအမွေအနှစ်များဖြင့် အနာဂတ်ကာလများကို ပုံဖော်ရာတွင် ယဉ်ကျေးမှု အမွေအနှစ်များအား တာဝန်သိစွာဖြင့် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ခြင်း" ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၃ ရက်မှ ၆ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးစင်တာ၌ ကျင်းပလျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

**ပါဝင်ဆွေးနွေး**

၂၀၂၄ ခုနှစ် နိုင်ငံတကာ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုပြပွဲနှင့် ဆွေးနွေးပွဲများ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက်က မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း၊ အနုပညာနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်ဖွင့်လှစ်ပေးပြီး ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၊ ကင်ညာနိုင်ငံနှင့် ဇမ်ဘီယာနိုင်ငံတို့က "ဒေသခံများ၏ အနာဂတ်များအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ခြင်း (Sustainable Tourism for Community's Future)" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။




ထိုသို့ ဆွေးနွေးရာတွင် မြန်မာနိုင်ငံကိုယ်စား အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသများတွင် ယဉ်ကျေးမှုအခြေခံ ခရီးသွားလုပ်ငန်းများနှင့် အခြားသော ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ဖော်ဆောင်နေမှု၊ မြန်မာနိုင်ငံတွင် တာဝန်သိခရီးသွားလုပ်ငန်း မူဝါဒ၊ အများပြည်သူ ပူးပေါင်းပါဝင်မှုရှိသော ခရီးသွားလုပ်ငန်း မူဝါဒများနှင့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းစံနှုန်း ရေးဆွဲဆောင်ရွက်ခဲ့မှု၊ ပုဂံကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ခရီးသွားလုပ်ငန်းမှ ဒေသခံပြည်သူများအား အထောက်အကူ ပြုနိုင်မှုနှင့် အဆိုပါ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးတွင် ဒေသခံများ၏ အရေးကြီးသော အခန်းကဏ္ဍများမှ ပါဝင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေး ဗွီဒီယိုကို ပြသသည်။

**ဖြန့်ချိပေးနိုင်ခဲ့**

အဆိုပါ ၂၀၂၄ ခုနှစ် နိုင်ငံတကာ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုပြပွဲနှင့် ဆွေးနွေးပွဲများသို့ ပြည်တွင်းပြည်ပမှ ဧည့်သည် ၂၀၀၀၀ ခန့် လာရောက်လေ့လာခဲ့ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် စိတ်ဝင်စားဖွယ်ရာ ခရီးစဉ်ဒေသများ အကြောင်းနှင့် မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များကို ဖြန့်ချိပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါ ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | လူငယ်ရဲ့ဘဝနှင့်တန်ဖိုး | အောင်သင်း | ဒေါ်ဝင်းမာတင်<br>ဇွန်ပွင့်စာအုပ်တိုက် |
| ၂။ | လက်ဖျော်ကော်ဖီ | ငွေးကြည်(စလင်း) | ဒေါ်နွယ်နွယ်ဝင်း<br>ဆောင်းစုရတီစာပေ |
| ၃။ | မင်းကိုယ်မင်းထက် ဘယ်သူ့မှပိုမချစ်နဲ့ | ကောင်းပြည့်သော် | ဒေါ်နွယ်နွယ်ဝင်း<br>ဆောင်းစုရတီစာပေ |
| ၄။ | မြန်မာပြည်ဖွား ချစ်စရာ တိုင်းရင်းသားများ | လင်းသက်ခိုင် | ဒေါ်မြင့်ကေခိုင်<br>ဖြေဦးစာပေတိုက် |

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၅**

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်း စာရင်းစစ်၊ စာရင်းကောက်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်နှင့် သစ်ဝင်တိုင်းကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်နှင့် မင်္ဂလာဒီပရပ်ကွက်တို့သို့ သွားရောက်ပြီး ရပ်ကွက်/ကျေးရွာ ကောက်ကွက်များအလိုက် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်များက တစ်အိမ်တက်ဆင်း လှည့်လည်ကာ Mobile Tablet များဖြင့် သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းများ မေးမြန်းကောက်ယူနေမှုနှင့် ဒေသခံပြည်သူများ စိတ်ဝင်တစားပြန်လည်ဖြေကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များမှာကြား ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကောက်ကွက်ပေါင်း ၂၆၅၆ ကွက်ကို စာရင်းစစ်၊ စာရင်းကောက် ၁၃၁၇ ဦးက တက်ညီလက်ညီဖြင့် သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းများကို Mobile Tablet များဖြင့် တစ်အိမ်တက်ဆင်း မေးမြန်းကောက်ယူလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





## မြဝတီမြို့၌ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်

**မြဝတီ အောက်တိုဘာ ၅**

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ စတင်စာရင်းကောက်ယူလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကောက်ယူလျက်ရှိသည်။

အဆိုပါ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် တိကျမှန်ကန်မှုရှိစေရေးအတွက် မြဝတီခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးကျော်ကျော်သန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးတင်အောင်ဝင်းတို့က ခရိုင်နှင့် မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီဝင်များ၊ စာရင်းစစ်၊ စာရင်းကောက် ဆရာဆရာမများ၊ နယ်မြေခံလုံခြုံရေးတပ်ရင်း၊ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်တာဝန်ရှိသူများပူးပေါင်းအဖွဲ့တို့၏ ရပ်ကွက်/ကျေးရွာများအလိုက် အဖွဲ့များခွဲပြီး တစ်အိမ်တက်ဆင်းစနစ်ဖြင့် Mobile Tablet များအသုံးပြု၍ မေးခွန်းများမေးမြန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

မြဝတီမြို့နယ်အနေဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် အောက်တိုဘာ ၄ ရက်အထိ ကောက်ယူပြီးစီးသည့်စာရင်းကောက်ကွက်ပေါင်း ၃၅ ခု၊ အိမ်ထောင်စု ၈၆၄၆ စုမှ လူဦးရေ ၃၄၈၆၄ ဦးတို့အား စာရင်းကောက်ယူနိုင်ခဲ့ပြီး ကျန်ရှိသည့်ကောက်ကွက်များအလိုက် စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ပင်လုံမြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

**ပင်လုံ အောက်တိုဘာ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှစ၍ ပင်လုံမြို့အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီး၌ စတင်ကောက်ယူ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ သန်းခေါင်စာရင်း ကောက်ယူရာတွင် ပင်လုံမြို့အတွင်းရှိရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ ကျေးရွာများ၌ တာဝန်ကျစာရင်းစစ်၊ စာရင်းကောက် ဆရာ ဆရာမများက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူလျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်၏ ကြီးကြပ်မှုဖြင့် မြို့အဆင့်၊ ရပ်/ကျေးအဆင့် ကော်မတီဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး/ဆယ်အိမ်မှူးများနှင့် တာဝန်ရှိသူများက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းကောက်ယူခြင်းများကို ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာအောင် ကြီးကြပ်၍ မြို့နယ်ဦးစီးမှူး ဦးမိုးမောင်မောင်ခင်နှင့် ဝန်ထမ်းများ၊ ပင်လုံမြို့ မြို့အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ပင်လုံမြို့လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှမြို့ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သထုံမြို့နယ်၌ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

**သထုံ အောက်တိုဘာ ၅**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက ဆက်လက်ဆောင်ရွက်လျက်ရှိရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးကြသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းကောက်အဖွဲ့တို့က ဘင်လှိုင်ရပ်ကွက်အတွင်းရှိ သန်းခေါင်စာရင်းကောက်ကွက်များ၌ အိမ်ထောင်စုအသီးသီးတို့၏ လူဦးရေဆိုင်ရာအချက်အလက်များ၊ အိမ်အကြောင်းအရာများ စနစ်တကျမေးမြန်းကောက်ယူကြရာ သထုံခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်နှင့် အဖွဲ့ဝင်များ၊ သန်းခေါင်စာရင်းကြီးကြပ်အဖွဲ့တို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးကြသည်။

သထုံမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအသီးသီးတို့၌ သန်းခေါင်စာရင်းကောက်ကွက်ပေါင်း ၃၃၆ ကွက်ရှိပြီး ယမန်နေ့အထိ အိမ်ထောင်စုပေါင်း ၇၃၀၅ စု ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လင်းခေးမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်

**လင်းခေး အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီက ကြီးကြပ်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြို့နယ်အဆင့်သန်းခေါင်စာရင်းစစ်/စာရင်းကောက်သူများအား ကောက်ကွက်နေရာ ၁၆၀၊ စာရင်းကောက်အဖွဲ့ ၁၂ ဖွဲ့တို့ဖြင့် မြို့ပေါ်ရှစ်ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု/ကျေးရွာများသို့ တစ်အိမ်တက်ဆင်း ကောက်ယူသွားမည်ဖြစ်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်နေမှုအား နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်ထွန်းလတ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းတင်မိုးဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **စိုင်းဇော်လတ်(လင်းခေး)**



# သိစေ၊ ကြားစေ ညွှန်းသက်သေ

မင်းခန့်

သိစေ၊ ကြားစေချင်တဲ့ အကြောင်းအရာကတော့ "ငါနဲ့မတူ၊ ငါ့ရန်သူ" အယူအဆနဲ့ သူတို့ကို မထောက်ခံရင် အပြစ်မဲ့ပြည်သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေတဲ့ CRPH၊ NUG နဲ့ သူတို့ရဲ့ လက်ဝေခံ PDF အဖွဲ့များရဲ့ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပါတယ်။

**ညွှန်းဆိုချင်တဲ့ သက်သေကတော့ အဲဒီအကြမ်းဖက်အဖွဲ့တွေရဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ အပြစ်မဲ့ပြည်သူတွေအပေါ် သတ်ဖြတ်နေတဲ့ ခိုင်မာတဲ့ သက်သေအထောက်အထားများ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရက တည်ဆဲဥပဒေများနဲ့အညီ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကမ္ဘာသိ သတ်မှတ်ကြေညာထားတဲ့ CRPH၊ NUG၊ PDF အဖွဲ့တွေနဲ့ NUG ကို ကိုယ်စားပြုထားတဲ့ လူပုဂ္ဂိုလ်တွေကို ထိတွေ့ဆက်ဆံအားပေးထောက်ခံနေတဲ့ တချို့နိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပြည်တွင်း ပြည်ပက လူပုဂ္ဂိုလ်တွေကို သိစေ၊ ကြားစေချင်တာဖြစ်ပါတယ်။**

## အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထား

၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွေနောက်ပိုင်း ဆူပူဆန္ဒပြမှုတွေကတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်နေရခြင်းရဲ့ အကြောင်းရင်းက အကြမ်းဖက်သမား CRPH နဲ့ NUG အဖွဲ့ဝင်တွေက နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်နဲ့ ရယူဖို့ ကြိုးစားနေခြင်းကြောင့် ဖြစ်ပါတယ်။ NUG နဲ့ သူ့ရဲ့လက်ဝေခံ PDF တွေအနေနဲ့ မြန်မာပြည်တွင်းမှာ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားပြီး အကြမ်းဖက်သတ်ဖြတ်မှုတွေ ကျူးလွန်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ငြင်းလို့မရတဲ့ သက်သေအထောက်အထားတွေအရ အကြမ်းဖက် NUG အဖွဲ့ရဲ့ "ငါနဲ့မတူ၊ ငါ့ရန်သူ" အယူအဆကြောင့် ပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားပြီး ဒလန်ခေါင်းစဉ်နဲ့ လုပ်ကြံသတ်ဖြတ်မှုတွေ၊ NUG ကို မထောက်ခံတဲ့ကျေးရွာတွေကို တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှုတွေ လုပ်ဆောင်နေကြတာ စိတ်မကောင်းဖွယ်ရာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ အဆိုးရွားဆုံးကတော့ NUG၊ PDF တွေကို အားပေးထောက်ခံခြင်း မပြုတဲ့ အပြစ်မဲ့ပြည်သူတွေကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကျေးရွာတွေကို မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီး/ လက်နက်ငယ်တွေ ဒရုန်းတွေအသုံးပြုပြီး အပြစ်မဲ့ပြည်သူတွေကို ပစ်ခတ်တိုက်ခိုက်ခြင်းတွေကို ဆင်ခြင်တုံတရားကင်းမဲ့စွာ PDF တွေက လုပ်ဆောင်လျက်ရှိနေတာကိုလည်း လူမှုကွန်ရက်သတင်းတွေမှာ မကြာခဏ မြင်တွေ့ကြားသိနေရပါတယ်။

## ကြွယ်ပုံကျေးရွာဖြစ်စဉ်

လတ်တလော စိတ်မကောင်းစရာဖြစ်စဉ်ကတော့ အကြမ်းဖက် NUG အဖွဲ့ရဲ့ လက်အောက်ခံ PDF အဖွဲ့တစ်ဖွဲ့က စက်တင်ဘာလ ၁၇ ရက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး ကြွယ်ပုံကျေးရွာအနီး တောင်ယာလုပ်ဖို့သွားတဲ့ မော်တော်ယာဉ်နှစ်စီးကို လက်နက်ကြီး/လက်နက်ငယ်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့လို့ အမျိုးသမီး ၁၂ ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့တဲ့ဖြစ်စဉ် ဖြစ်ပါတယ်။

ဒီဖြစ်စဉ်မှာ သေဆုံး၊ ဒဏ်ရာရခဲ့တဲ့ အမျိုးသမီးတွေဟာ အသက် ၁၉ နှစ်ကနေ ၃၂ နှစ်ကြား အရွယ်ကောင်း အမျိုးသမီးငယ်လေးတွေဖြစ်ပြီး ညီအစ်မ အရင်း သုံးယောက်ပါဝင်ကြောင်း သိရှိရပါတယ်။ ကြွယ်ပုံကျေးရွာဟာ တောင်ယာအလုပ်ကိုပဲ အများစုလုပ်ကိုင်ကြပြီး နိုင်ငံရေးအရှုပ်အထွေးတွေမှာ ဝင်ရောက်ပတ်သက်လေ့မရှိသလို အကြမ်းဖက်မှုတွေနဲ့ တရားမဝင် လက်နက်ကိုင်မှုတွေကိုလည်း ထောက်ခံအားပေးခြင်းမရှိတဲ့ရွာ ဖြစ်ပါတယ်။ ကြွယ်ပုံကျေးရွာအနီး လှုပ်ရှားနေတဲ့ PDF အဖွဲ့တွေကို လက်မခံသလို ရိက္ခာ၊ ဆက်ကြေးထောက်ပံ့မှုတွေ မလုပ်တဲ့ကျေးရွာတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်လည်း PDF အဖွဲ့တွေက အငြိုးအတေးထားပြီး ဆက်ကြေးပေးရန် ပျက်ကွက်ခြင်း၊ သူတို့ကို ထောက်ခံအားပေးမှုမပြုလုပ်ခြင်း အကြောင်းပြချက်တွေနဲ့ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် တောင်ယာလုပ်ကိုင်ဖို့ ထွက်ခွာလာတဲ့ အမျိုးသမီးငယ်အများစုပါဝင်တဲ့ မော်တော်ယာဉ်ကို ကျေးရွာရဲ့ အရှေ့မြောက်ဘက် မီတာ ၁၃၀၀ ခန့် အကွာအရောက်မှာ အကြမ်းဖက်သမား PDF အင်အား ၃၀ ခန့်က ၄၀ မမ လောင်ချာများ အပါအဝင် လက်နက်ငယ်များဖြင့် ရက်ရက်စက်စက် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်ပါတယ်။

ဒီဖြစ်စဉ်မှာ ထိခိုက်သေဆုံးခဲ့ရတဲ့ အပြစ်မဲ့ပြည်သူတွေဟာ စစ်ဘက်နှင့် သက်ဆိုင်ခြင်း မရှိသလို ရိုးသားစွာတောင်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်နေကြတဲ့ ဒေသခံများသာဖြစ်ပါတယ်။ PDF တွေရဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ လက်ရဲဇက်ရဲ ပစ်ခတ်တိုက်ခိုက်မှုဟာ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်သလို ဘယ်လိုမှ လက်ခံလို့မရနိုင်တဲ့ အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။ ထိခိုက်သေဆုံးခဲ့ရတဲ့ အမျိုးသမီးငယ်လေးတွေရဲ့ မိသားစုဝင်တွေသာမက မြင်တွေ့ကြားသိရတဲ့ ပြည်သူတွေကလည်း အကြမ်းဖက်သမား PDF တွေကို ရွံရှာစက်ဆုပ်မုန်းတီးလျက်ရှိပါတယ်။

## ဆုံရွာကျေးရွာဖြစ်စဉ်

အလားတူဖြစ်စဉ်မျိုး ၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်နေ့က မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာမှာလည်း ဖြစ်ခဲ့ပါတယ်။ ဆုံရွာကျေးရွာက ရွာသူရွာသားတွေဟာ NUG၊ PDF အဖွဲ့တွေကို လုံးဝမထောက်ခံဘဲ ကျေးရွာလုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းပြီး ကိုယ့်မြို့ကိုယ့်ရွာလုံခြုံရေးကို ဆောင်ရွက်နေကြသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေက ရည်ရွယ်ချက်ရှိရှိနဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ ကျေးရွာအတွင်းကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့လို့ အပြစ်မဲ့ပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးကာ အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ဖုံးစထိမှန်ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူများထဲမှာ ကလေးငယ်တွေလည်း ပါဝင်ကြောင်း ကြားသိရလို့ တုန်လှုပ်ချောက်ချား၊ ဝမ်းနည်းကြေကွဲဖွယ်ရာသတင်းအဖြစ် ပြည်သူအများ ခံစားခဲ့ရပါတယ်။ ရိုင်းစိုင်းယုတ်မာရက်စက်တဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေဟာ ၎င်းတို့ဆုတ်ခွာချိန်မှာ ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ကြလို့ နေအိမ် ၅၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရှိရပါတယ်။

ဒီဖြစ်စဉ်ကို ကြားသိရတဲ့ ပြည်သူတွေအနေနဲ့ NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိသဖြင့် စက်ဆုပ်ရွံရှာမုန်းတီးမှုများဖြစ်ပေါ်လာပြီး လူမှုရေး၊ ဘာသာရေး အဖွဲ့အစည်း ၂၀ ကျော်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားကြေညာချက်တွေ ထုတ်ပြန်ခဲ့ကြပါတယ်။ **စာမျက်နှာ ၇ သို့** ☆

စာမျက်နှာ ၇ သို့

❖ **ညွှန်းဆိုချင်တဲ့ သက်သေကတော့ အဲဒီအကြမ်းဖက်အဖွဲ့တွေရဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ အပြစ်မဲ့ပြည်သူတွေအပေါ် သတ်ဖြတ်နေတဲ့ ခိုင်မာတဲ့သက်သေအထောက်အထားများ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရက တည်ဆဲဥပဒေများနဲ့အညီ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကမ္ဘာသိ သတ်မှတ်ကြေညာထားတဲ့ CRPH၊ NUG၊ PDF အဖွဲ့တွေနဲ့ NUG ကို ကိုယ်စားပြုထားတဲ့ လူပုဂ္ဂိုလ်တွေကို ထိတွေ့ဆက်ဆံအားပေးထောက်ခံနေတဲ့ တချို့နိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပြည်တွင်း ပြည်ပက လူပုဂ္ဂိုလ်တွေကို သိစေ၊ ကြားစေချင်တာဖြစ်**

❖ **ငြင်းလို့မရတဲ့ သက်သေဖြစ်စဉ်တွေကနေ ညွှန်းဆိုပြသနေတဲ့ NUG၊ PDF အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံတကာမျက်နှာစာမှာ မှေးမှိန်အောင် ပြည်ဖျက်သတင်းမီဒီယာတွေအနေနဲ့ သတင်းတု၊ သတင်းမှားတွေဖန်တီးပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေကို နိုင်ငံရေးလှုပ်ရှားမှုများအဖြစ် ပုံဖော်လျက်ရှိပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ ကြိုးစားနေတဲ့ လှုပ်ရှားမှုကို ဒီမိုကရေစီအရေခြုံ နိုင်ငံရေးလှုပ်ရှားမှုအဖြစ် လှုံ့ဆော်ဝါဒဖြန့်လျက်ရှိ**




စစ်ကိုင်းမြို့နယ်၊ ကြွယ်ပုံကျေးရွာမှ ဒေသခံပြည်သူများ တောင်ယာလုပ်ကိုင်ရန် သွားရောက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သေဆုံးခဲ့ရသူများ



မြင်းခြံမြို့နယ်၊ ဆုံရွာမှ ကလေး/လူကြီး ၃၂ ယောက်ကို အကြမ်းဖက် PDF များ ရက်စက်စွာသတ်ဖြတ်

## Myanmar's Terrorism Index (2022)




Excerpt from Country Reports on Terrorism (2022) by the Global Terrorism Trends and Analysis Center

- " The **People Defense Force (PDF)** was the main perpetrator of incidents in Myanmar in 2022, responsible for 198 incidents (50% of all incidents). **Chinland Defense Force (CDF)** was responsible for 29 incidents (7%), and **Karenni Nationalities Defense Force (KNDF)** for 27 incidents (7%). 14% of incidents in Myanmar were not attributed to a perpetrator group.
- Common tactics types in Burma included **shootings (38%), landmines or IEDs(21%), and bombings (19%).**"

Global Terrorism Trend and Analysis Center မှ ၂၀၂၂ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ PDF၊ CDF၊ KNDF တို့၏ အကြမ်းဖက်မှုအညွှန်းကိန်း။

☆ စာမျက်နှာ ၆ မှ

ဒီလိုဆိုးရွားရက်စက်တဲ့ အစုလိုက်အပြုံလိုက် ပြည်သူတွေသတ်ဖြတ်ခံရခြင်းဟာ CRPH မှ တစ်ဆင့် ပေါ်ပေါက်လာတဲ့ NUG အဖွဲ့က လက်နက်၊ ခဲယမ်း၊ ငွေကြေး ထောက်ပံ့ပေးထားတဲ့ လက်ကိုင်တုတ် PDF အကြမ်းဖက်သမားတွေကြောင့်ဖြစ်တာကို အငြင်းပွားဖွယ်ရာမရှိ ရှင်းလင်းပြတ်သားစွာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။

**ဒီလို အပြစ်မဲ့ပြည်သူတွေမှန်းသိလျက်နဲ့ ရက်ရက်စက်စက် ရိုင်းစိုင်းယုတ်မာစွာ လုပ်ကြံသတ်ဖြတ်၊ ပစ်ခတ်တိုက်ခိုက်တဲ့ဖြစ်စဉ်တွေ အများအပြားရှိနေပြီး လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေရဲ့ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့အထိ အကြမ်းဖက်အဖွဲ့ NUG ရဲ့ စေခိုင်းချက်အရ အကြမ်းဖက်သမား PDF တွေရဲ့ လက်ချက်နဲ့ သေဆုံးရသူ ၆၆၆၇ ဦးရှိပြီဖြစ်ကြောင်း သိရှိရပါတယ်။ အသေးစိတ်စာရင်းတွေကို www. infosheet. org ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ ဒလန်အဖြစ်စွပ်စွဲပြီး သာမန်ပြည်သူ ၅၃၁၂ ဦး၊ အုပ်ချုပ်ရေးမှူး ၈၃၃ ဦး၊ ကျောင်းဆရာ ဆရာမ ၇၅ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ အခြားဝန်ထမ်း ၂၇၉ ဦး၊ စစ်မှုထမ်းဟောင်း ၆၅ ဦး၊ သီလရှင် ၂ ပါး၊ သံဃာ ၈၄ ပါးတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရကြောင်း သိရှိရပါတယ်။**

### ဒီမိုကရေစီအရေခြုံ နိုင်ငံရေးလှုပ်ရှားမှုအဖြစ် လှုံ့ဆော်ဝါဒဖြန့်

ဒီလို ငြင်းလို့မရတဲ့ သက်သေဖြစ်စဉ်တွေကနေ ညွှန်းဆိုပြသနေတဲ့ NUG၊ PDF အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံတကာမျက်နှာစာမှာ မေးမှိန်အောင် ပြည်ဖျက်သတင်းမီဒီယာတွေအနေနဲ့ သတင်းတု၊ သတင်းမှားတွေ ဖန်တီးပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေကို နိုင်ငံရေးလှုပ်ရှားမှုများအဖြစ် ပုံဖော်လျက်ရှိပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ကြိုးစားနေတဲ့ လှုပ်ရှားမှုကို ဒီမိုကရေစီအရေခြုံ နိုင်ငံရေးလှုပ်ရှားမှုအဖြစ် လှုံ့ဆော်ဝါဒဖြန့်လျက်ရှိပါတယ်။

သို့သော် Global Terrorism Trend and Analysis Center မှ ၂၀၂၂ ခုနှစ်အတွက် ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုအညွှန်းကိန်း သိသိသာသာမြင့်တက်နေပြီး အဲဒီလိုဖြစ်နေရခြင်းဟာ CDF၊ KNDF အဖွဲ့များအပါအဝင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကြောင့် ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ပါတယ်။ အဲဒီအဖွဲ့ရဲ့အစီရင်ခံစာအရ PDF အဖွဲ့တွေရဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့ကဲ့သို့ အပြစ်မဲ့ပြည်သူတွေကို တိုက်ခိုက်မှုများကြောင့် ၂၀၂၄ ခုနှစ်အတွင်းမှာလည်း အကြမ်းဖက်မှုအညွှန်းကိန်း ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း ဖော်ပြထားပေမယ့် အနောက်အုပ်စုနိုင်ငံတွေက မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုတဲ့အတွက် NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မသိချင်ယောင်ဆောင်ပြီး ခေါင်းစဉ်အမျိုးမျိုးနဲ့ ငွေကြေးထောက်ပံ့မှုတွေ ပြုလုပ်ခြင်း၊ အကြမ်းဖက် NUG နဲ့ပတ်သက်သူတွေကို ခိုလှုံခွင့်ပြုထားခြင်းတွေကို လုပ်ဆောင်လျက်ရှိပါတယ်။

ဒ့ါအပြင် အင်အားကြီးနိုင်ငံအချို့အနေနဲ့ ဒီလို အကြမ်းဖက်အဖွဲ့တွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတွေ့ဆက်ဆံနေပြီး ငွေကြေးထောက်ပံ့ပေးမှုတွေ ပြုလုပ်ပေးနေခြင်းဟာ အကြမ်းဖက်အဖွဲ့တွေကို အားပေးနေတဲ့သဘောသက်ရောက်နေပါတယ်။ ဒါကြောင့်လည်း ဝရမ်းပြေး ကျော်မိုးထွန်းလို ပုဂ္ဂိုလ်က တရားဝင်ရပ်တည်ခွင့်မရှိတဲ့ ကုလသမဂ္ဂမျက်နှာစာမှာ အကြမ်းဖက်အဖွဲ့ NUG ကို ကိုယ်စားပြုပြီး NUG အဖွဲ့ကိုနိုင်ငံတကာက အသိအမှတ်ပြုလာအောင် ဝါဒဖြန့်လော်ဘီလုပ်နေတာကိုလည်း မြင်တွေ့ကြားသိနေရပါတယ်။

ဝရမ်းပြေး ကျော်မိုးထွန်းဟာ NLD အစိုးရလက်ထက်က မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်ဖြစ်ခဲ့ပေမယ့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းစည်းကမ်းတွေကို ဖောက်ဖျက်ပြီး နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ခဲ့တဲ့အတွက် တရားစွဲဆိုခံထားရပြီး နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ထားခြင်းခံရသူ ဖြစ်ပါတယ်။ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ် ကိုယ်စားပြုမှုအတွက် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ လုပ်ထုံးလုပ်နည်း အမှတ်စဉ် ၂၉ အရ ကိုယ်စားပြုမှုနေရာ အငြင်းပွားမှုရှိတဲ့အတွက် ဝရမ်းပြေး ကျော်မိုးထွန်းကို မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တရားဝင်ဆက်လက်ခန့်အပ်ထားခြင်းမပြုသလို မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး ပြောရေးဆိုခွင့်ကိုလည်း ပိတ်ပင်ထားကြောင်း သိရှိရပါတယ်။ ဒါပေမဲ့လည်း ကုလသမဂ္ဂရဲ့ Credentials Committee က သူ့ရဲ့နေရာကို အစားထိုးခန့်အပ်ခြင်းမပြုသေးတဲ့ လုပ်ထုံးလုပ်နည်းအပေါ် အခွင့်အရေးယူပြီး ကုလသမဂ္ဂရဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုပြီး ဝါဒဖြန့်ချိရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

### အကြမ်းဖက်အားပေး ဝါဒဖြန့်ချိရေးသမားသက်သက်ဖြစ်

**ဝရမ်းပြေး ကျော်မိုးထွန်းအနေနဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့လိုဖြစ်စဉ်မျိုး NUG၊ PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဖုံးဖိပြီး နိုင်ငံတော်အစိုးရက အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေများနှင့်အညီ အရေးယူမှုများကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအကြောင်းပြပြီး ဆန့်ကျင်ပြောဆိုနေမှုများဟာ သံတမန်ရေးရာ ကိုယ်စားလှယ်တစ်ဦး လုံးဝမဟုတ်တော့ဘဲ အကြမ်းဖက်အားပေး ဝါဒဖြန့်ချိရေးသမားသက်သက် ဖြစ်နေတယ်ဆိုတာ ရှင်းလင်းစွာမြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလို အကြမ်းဖက်အားပေးပြီး အစွန်းရောက်ဝါဒကို အားပေးအားမြှောက်ပြုနေတဲ့ ရာဇဝတ်သားတစ်ဦးရဲ့ လုပ်ရပ်တွေကို ကုလသမဂ္ဂရဲ့ Credentials Committee အနေနဲ့သိရှိပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်နေရာမှာ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူက ကုလသမဂ္ဂ သံတမန်တစ်ဦးအဖြစ်ရှိနေတာ မဖြစ်သင့်ဘူးလို့ ထင်မြင်ယူဆမိပါတယ်။** ဒ့ါကြောင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်း ကိုယ်စားလှယ်နေရာအတွက် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပေါ်ပေါက်လာတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အဆိုပြုခန့်အပ်ထားတဲ့ ကိုယ်စားလှယ်ကို အသိအမှတ်ပြုခန့်အပ်ပေးဖို့ နိုင်ငံသားတစ်ယောက်အနေနဲ့ တောင်းဆိုလိုပါတယ်။

ဒ့ါအပြင် ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့အနေနဲ့ NUG အကြမ်းဖက်အဖွဲ့နဲ့ ဝရမ်းပြေး ကျော်မိုးထွန်းတို့ကို ထိတွေ့ဆက်ဆံနေခြင်းဟာ အကြမ်းဖက်အစွန်းရောက်ဝါဒကို အားပေးအားမြှောက်ပြုနေတဲ့ သဘောသက်ရောက်နေတာကို သတိပြုမိပြီး NUG၊ PDF အကြမ်းဖက်အဖွဲ့များ တရားဝင်အသိအမှတ်ပြုမှုရရှိရေး ကြိုးပမ်းလုပ်ဆောင်မှုများကို ရပ်တန့်စေရန် ဘက်ပေါင်းစုံက လုပ်ဆောင်ပေးဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

**အမှန်စင်စစ် အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ဆန္ဒနဲ့ တောင်းဆိုလိုတဲ့ လိုလားချက်ကတော့ NUG၊ PDF အကြမ်းဖက်သမားတွေရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုတွေ ပျောက်ကွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လုပ်ဆောင်နေတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်စေရေးနဲ့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် တည်ငြိမ်အေးချမ်းစွာ ရွေးကောက်ပွဲတစ်ရပ် အမြန်ဆုံးကျင်းပနိုင်ရေးဖြစ်ပါတယ်။**

ဒါကြောင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြတဲ့ မြန်မာနိုင်ငံသားများရဲ့ ဆန္ဒအမှန်ဖြစ်တဲ့ လတ်တလောဖြစ်ပေါ်နေတဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့လိုဖြစ်စဉ်မျိုး အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ဒီလိုအကြမ်းဖက်မှုတွေကို ဘယ်သူတွေက ဘာကြောင့်လုပ်နေလဲဆိုတာ သိစေ၊ ကြားစေဖို့အတွက် ခိုင်မာတဲ့ အထောက်အထားများနဲ့ သက်သေညွှန်းဆို တင်ပြလိုက်ရပါတယ်။ ။

**“ဝရမ်းပြေး ကျော်မိုးထွန်းအနေနဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့လိုဖြစ်စဉ်မျိုး NUG၊ PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဖုံးဖိပြီး နိုင်ငံတော်အစိုးရက အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေများနှင့်အညီ အရေးယူမှုများကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအကြောင်းပြပြီး ဆန့်ကျင်ပြောဆိုနေမှုများဟာ သံတမန်ရေးရာကိုယ်စားလှယ်တစ်ဦး လုံးဝမဟုတ်တော့ဘဲ အကြမ်းဖက်အားပေး ဝါဒဖြန့်ချိရေးသမားသက်သက် ဖြစ်နေတယ်ဆိုတာ ရှင်းလင်းစွာမြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလို အကြမ်းဖက်အားပေးပြီး အစွန်းရောက်ဝါဒကို အားပေးအားမြှောက်ပြုနေတဲ့ ရာဇဝတ်သားတစ်ဦးရဲ့လုပ်ရပ်တွေကို ကုလသမဂ္ဂရဲ့ Credentials Committee အနေနဲ့သိရှိပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်နေရာမှာ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူက ကုလသမဂ္ဂသံတမန်တစ်ဦး အဖြစ်ရှိနေတာ မဖြစ်သင့်ဘူးလို့ ထင်မြင်ယူဆ”**

# ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ မြသီလာ ကျောင်းသား ကျောင်းသူဆောင် ဖွင့်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၅**

ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ မြသီလာ ကျောင်းသား ကျောင်းသူဆောင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အဆောင်ရှေ့၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ဆေးတက္ကသိုလ်နှင့်ဆေးပညာနှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ အငြိမ်းစား ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြသီလာ ကျောင်းသား ကျောင်းသူဆောင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဆောက်အအုံ အထိမ်းအမှတ်ကြေးပြားကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြကာ အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆေးတက္ကသိုလ်(၂)တွင် ပညာသင်ကြားနေသော ဘွဲ့လွန်/ဘွဲ့ကြို ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချ စိတ်အေးချမ်းသာစွာနေထိုင်ပြီး ပညာသင်ကြားနိုင်ရန်ရည်ရွယ်၍ မြသီလာ ကျောင်းသား ကျောင်းသူ အဆောင်သစ်ကြီးကို ဆောက်လုပ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ နောင်တွင်လည်း လိုအပ်သည်များကို ဆက်လက်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Z&Y ကုမ္ပဏီလီမိတက်က ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ မြသီလာ ကျောင်းသား ကျောင်းသူ (ခြောက်ထပ်ဆောင်)အဆောက်အအုံ ပြီးစီးမှုမှတ်တမ်းကို လွှဲအပ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆေးတက္ကသိုလ်(၂) ရန်ကုန်တွင် ဘက်စုံအသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ဆေးတက္ကသိုလ်(၂)ရန်ကုန် မြသီလာ ကျောင်းသား ကျောင်းသူ(ခြောက်ထပ်ဆောင်) အဆောက်အအုံမှာ ယူပုံစံ(U Shape)ဖြစ်ပြီး စတုရန်းပေ ၈၁၉၀၀ ကျယ်ဝန်းကာ ကျောင်းသား ကျောင်းသူ ၅၀၀ ကို အဆောင်စီစဉ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမရပူရမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၅**

မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက် မဟာပတ္တမြားကျောင်းတိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၅၀၊ သာသနာ့နွယ်ဝင်သီလရှင် ၄၈ ပါးနှင့် ဒေသခံပြည်သူ ၃၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်ငူ၌ ရေဘေးသင့်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**တောင်ငူ အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဇီးဖြူပင်ရွာ ဇီးဖြူပင်ကျောင်းသာသနာ့ရိပ်သာ၌ ယနေ့နံနက်ပိုင်းတွင် ရေဘေးသင့်ပြည်သူများအား ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး နှင့် ကုသရေးဦးစီးဌာနမှူးနှင့် ပြည်သူ့ဆေးရုံကြီး(တောင်ငူ)မှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက နယ်လှည့်ကွင်းဆင်း၍ အသိပညာပေး ဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟ၊ ပြည်သူ့ဆေးရုံကြီး (တောင်ငူ)မှ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာ တေဇာဝင်းရှိန် ဦးဆောင်သောအဖွဲ့က နယ်လှည့်ကွင်းဆင်းပြီး ရေဘေးသင့်ပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၅**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ထန်းတပင်မြို့နယ်၌ နယ်လှည့်အထူးကုအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**ထန်းတပင် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟ၊ပဲခူးမြို့ပြည်သူ့ဆေးရုံမှ အထူးကုသမားတော် ဒေါက်တာ ခင်သူဇာဇော်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် သူကောင်းဖြစ် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ရေဘေးသင့်ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသည်။

ထိုသို့ နယ်လှည့်ကွင်းဆင်းကုသပေးရာတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသီဟ ဦးဆောင်၍ ပဲခူးမြို့ပြည်သူ့ဆေးရုံမှ အထူးကုသမားတော် ဒေါက်တာ ခင်သူဇာဇော်နှင့်အဖွဲ့၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်သူအောင်နှင့် ဝန်ထမ်းများက အထွေထွေရောဂါဝေဒနာရှင် ၁၀၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လပွတ္တာမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေး

**လပွတ္တာ အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို လပွတ္တာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဦးစွာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုမှုနှင့် တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုတင်ပြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက မြှင့်တင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပညာရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပို့ချမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မူမူ**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

**အောက်တိုဘာလ (၁၃) ရက်**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**မော်လမြိုင် အောက်တိုဘာ ၅**

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဖတ်ကြားသည်။

ထို့နောက် မွန်ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားကာ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ပြည်နယ်အဆင့် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

**ဂုဏ်ပြုဆုငွေပေးအပ်**

ဆက်လက်၍ မော်လမြိုင်မြို့နယ်မှ ဆရာ ဆရာမများက မြတ်ဆရာတေးသီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုငွေပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကန်တော့ခံ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






# မိုးညိုမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရန် နေကြာမျိုး၊ မြေပဲမျိုးစေ့နှင့် မြေဩဇာပေးအပ်

**မိုးညို အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် တောင်သူများအား နေကြာမျိုး၊ မြေပဲမျိုးစေ့နှင့် မြေဩဇာ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

ဦးစွာ သာယာဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ဆီထွက်သီးနှံအထူးဇုန်(၂)တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်တင်ထွန်းက ဆီထွက်သီးနှံများပန်းတိုင်အထွက်နှုန်းထွက်ရှိစေရေး ဆောင်ရွက်ရမည့်နည်းပညာများကို ရှင်းလင်းပြောကြား၍ တောင်သူများသိလိုသည်များကို ပြန်လည်ဖြေကြားဆွေးနွေးသည်။

ထို့နောက် သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ သာယာဝတီခရိုင် စိုက်ပျိုးရေးဦးစီးမှူး၊ မိုးညိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က နေကြာမျိုး၊ မြေပဲမျိုးစေ့နှင့် ယူရီးယားမြေဩဇာများကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**ပုသိမ် အောက်တိုဘာ ၅**

ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင် ခန်းမ၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

**သဝဏ်လွှာဖတ်ကြား**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဖတ်ကြားပြီး ဂုဏ်ပြုစကားများ ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးမှူးက ဖတ်ကြားသည်။

**ဆုများချီးမြှင့်**

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အဖြစ်ပြုလုပ်သည့် အခြေခံပညာ အလယ်တန်းအဆင့် ကဗျာ (တိုင်းအဆင့်)တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာ အထက်တန်းအဆင့် ကဗျာ (တိုင်းအဆင့်) တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အသက် ၇၀ နှင့် အထက် ဆရာကြီး ဆရာမကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

# လျှပ်စစ်ကို လိုသလောက်သာသုံး တရားမဝင်မသုံးနဲ့ ....

မောင်မောင်စွယ်စုံထွန်း

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဥပဒေပုဒ်မ(၄၁)နှင့်အညီ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်စိုက်ထုတ်ကျခံသုံးစွဲရမှုကို လျှော့ချနိုင်ရန် ထုတ်လုပ်မှုကုန်ကျစရိတ်များကာမိစေသော လျှပ်စစ်ဓာတ်အားခနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) သဘောတူညီချက်ဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။**

ထိုသို့လျှပ်စစ်ဓာတ်အားခ တိုးမြှင့်သတ်မှတ်လိုက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်သူများအကြားနှင့် လူမှုစီးပွားနယ်ပယ်များတွင် များစွာဂယက်ရိုက်ခတ်မှုများရှိခဲ့သည်။ နိုင်ငံတော်ဘက်ကလည်း နှစ်စဉ်စိုက်ထုတ်ကျခံနေရမှုများ လွန်စွာများပြားလာသဖြင့် အထိုက်အလျောက်သက်သာစေရန် မလွှဲမရှောင်သာ တိုးမြှင့်ခဲ့ရခြင်းဖြစ်ပြီး ထိုသို့တိုးမြှင့်လိုက်သော်လည်း နိုင်ငံတော်ဘက်က ဆက်လက်စိုက်ထုတ်သုံးစွဲရဦးမည်ဖြစ်သဖြင့် အစိုးရနှင့်ပြည်သူ နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန်ရည်ရွယ်၍ ဖြစ်သင့်ဖြစ်ထိုက်သော အခြေအနေမှန်အရ နိုင်ငံတော်ဘက်က များစွာစဉ်းစားဆောင်ရွက်ခဲ့ခြင်းကို သိရှိကြရန် လိုအပ်နေပါသည်။

### လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်

ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အား ရရှိရေးသည် အဓိကကျသောကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအား တည်ငြိမ်သော လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ် များစွာမြင့်မားလာသဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို မဖြစ်မနေ ပြင်ဆင်သတ်မှတ်ရန်လိုအပ်လာသဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ရခြင်းသာဖြစ်ပြီး လူတန်းစားအလွှာအလိုက် အဆင်ပြေစေရန် အလို့ငှာ အနည်းအများကွာခြားမှုသာရှိပါသည်။ အဆလိုက်တက်ခြင်းမျိုးမဟုတ်ဘဲ အနည်းငယ်မျှသာ တက်သည့်နှုန်းထားဖြစ်သော်လည်း အဆိုးမြင်သမားအချို့မှာပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေရန် အမျိုးမျိုးပြောဆိုရေးသားနေကြသဖြင့် ဤဆောင်းပါးအား ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

**မီတာခတိုးမြှင့်ကောက်ခံရသည့် ရည်ရွယ်ချက်မှာ နှစ်မျိုးတည်းသာရှိသည်။ ပထမအချက်မှာ ဌာနမှဝင်ငွေ တိုးတက်ရရှိ၍ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒုတိယအချက်အနေဖြင့် မလုံမလောက်ဖြစ်နေသည့် လျှပ်စစ်ဓာတ်အားကို မလိုအပ်လျှင်မသုံးဘဲ လိုအပ်သလောက်သာ သုံးစေလိုသော ရည်ရွယ်ချက်များပင်ဖြစ်ပါသည်။**

လက်ရှိမြန်မာနိုင်ငံအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားကို လုံလောက်စွာ ဖြန့်ဖြူးနိုင်ခြင်းမရှိသေးပါ။ အမှန်လိုအပ်နေသည်မှာ မဂ္ဂါဝပ် ၆၀၀၀ ခန့်ဖြစ်သော်လည်း ပျမ်းမျှအားဖြင့် မဂ္ဂါဝပ် ၂၅၀၀ ဝန်းကျင်ကိုသာ ကြိုးစား



ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၅၀၀ ကေဗွီ (ကံကောင်း)ဓာတ်အားခွဲရုံစီမံကိန်းကို တွေ့ရစဉ်။

ဖြန့်ဖြူးပေးနိုင်သေးရာ ပြည်သူတို့အနေဖြင့် မလိုအပ်ဘဲ လျှပ်စစ်ဓာတ်အားကို မသုံးစွဲခြင်းဖြင့် ယခုကဲ့သို့ ဓာတ်အားမလုံလောက်ချိန်တွင် အခြား အရေးကြီးလိုအပ်သော ဆေးရုံ၊ စာသင်ကျောင်း စသည်တို့ကို ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါသည်။ နံနက်အလင်းရောင်ရှိသည့်အချိန်မျိုးတွင် လမ်းမီးများ၊ လုံခြုံရေးမီးများနှင့် အခြား မလိုအပ်သောမီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်မီးကို ပိုမို၍ အချိန်ပြည့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရုံမက ပိုလျှံလာပါက နိုင်ငံတော်ဓာတ်အားစနစ်မှ ကျန်မီးမရရှိသေးသော အိမ်ထောင်စုများသို့ ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်လာမည်ဖြစ်ပါသည်။

နေအိမ်တစ်အိမ်လျှင် သို့မဟုတ် မိသားစုတစ်စုလျှင် အသုံးပြုရန်မလိုသေးသော ၄၀ ဝပ်အားရှိ လေးပေမီးချောင်းတစ်ချောင်းနှင့် ၆၀ ဝပ်အားရှိ မီးသီးတစ်လုံး စုစုပေါင်း ၁၀၀ ဝပ် ခန့်ကို ပိတ်ပေးထားခြင်းဖြင့် လက်ရှိနိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနေသော အိမ်ထောင်စု နှစ်သန်းကျော်ခန့်နှင့် တွက်ချက်ကြည့်ပါလျှင် မဂ္ဂါဝပ် ၂၀၀ ဓာတ်အား ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစက်ရုံတစ်ရုံ အသစ်တည်ဆောက်ခြင်းနှင့် အလားတူ အကျိုးသက်ရောက်မှုများ ရရှိလာစေမည်ဖြစ်ပါသည်။

ဤနေရာတွင် လျှပ်စစ်မီးအားလုံးပိတ်ထားရန် ချွေတာစေခြင်းမျိုးမဟုတ်ဘဲ မလိုအပ်ပါက (အသုံးပြုရန်မလိုပါက) မီးပိတ်ထားစေခြင်းမျိုးသာဖြစ်သည်ကိုလည်း သတိပြုကြစေလိုပါသည်။ မီးသုံးသူပြည်သူများအနေဖြင့် ထိုသို့လျှပ်စစ်မီးကို မလိုအပ်သောနေရာများတွင် အသုံးမပြုခြင်းဖြင့် လျှပ်စစ်မီတာခကိုလည်း များစွာသက်သာလာမည်ဖြစ်ပါသည်။ ပထမ ယူနစ် ၂၀၀ အထိ အလင်းရောင်နှင့် ရေတင်ခြင်းစသည့်အိမ်သုံး သုံးစွဲသူ ( ၃၀ ရာခိုင်နှုန်းသောပြည်သူ) များအတွက် ဓာတ်အားခနည်းနည်းသာတိုးပါသည်။ လျှပ်စီးကြောင်းပမာဏများများသုံးသည့် Hot Plate နှင့် Aircon၊ ဒယ်နီစသည်တို့ကို သုံးစွဲသူများအတွက်လည်း နိုင်ငံတော်က ထုတ်လုပ်စရိတ်ကာမိစေရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် ချွေတာသုံးစွဲကြခြင်းဖြင့် ပြည်သူများလျှပ်စစ်ဓာတ်အားပိုမိုရရှိလာစေပါမည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်များ ပိုမိုလျော့နည်းလာစေမည့် အကျိုးကျေးဇူးများကို ရရှိခံစားကြရမည် ဖြစ်ပါသည်။

### ဓာတ်အားအလေအလွင့်ဆုံးရှုံးနေမှုများ လျော့နည်းကျဆင်းလာစေရန်ရည်ရွယ်

လျှပ်စစ်ဓာတ်အားခများကို တိုးမြှင့်ကောက်ခံလိုက်ခြင်းဖြင့် ဓာတ်အားသုံးစွဲသူများက လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲလာပြီး မလိုအပ်ဘဲ ဓာတ်အားအလေအလွင့်ဆုံးရှုံးနေမှုများ လျော့နည်းကျဆင်းလာစေရန်ရည်ရွယ်သော်လည်း အခြားတစ်ဖက်တွင် လျှပ်စစ်ဓာတ်အားကို လျှော့မသုံးဘဲ ဓာတ်အားခိုးယူသုံးစွဲခြင်း သို့မဟုတ် တရားမဝင် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှုများ ဖြစ်လာနိုင်ခြေလည်း ရှိနေပြန်ပါသည်။ လျှပ်စစ်ဓာတ်အားခတိုးမြှင့်မည့် ကြေညာချက်ပေါ်ထွက်ပြီးကတည်းက လူမှုကွန်ရက်စာမျက်နှာများတွင် မီတာခတိုးမပေးရအောင် လျှပ်စစ်မီတာကို တရားမဝင်ပြုလုပ်ရန် ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များဖြင့် ပြုလုပ်ပြသထားသည်များ ပျံ့နှံ့လာသည်ကို တွေ့ရှိနေရသဖြင့် ပြည်သူများ လိုက်မလုပ်မိကြစေရန် အထူးလိုအပ်ပါသည်။

မီတာခနှုန်းထားများ မတက်မီကပင် ပြည်သူအချို့နှင့် လုပ်ငန်းရှင်အချို့တို့သည် မိမိတို့ဓာတ်အားခသက်သာစေရေးအတွက် လျှပ်စစ်ဝန်ထမ်းဟောင်းအချို့နှင့် လက်ရှိအကျင့်ပျက်ဝန်ထမ်းအချို့တို့ဖြင့် ပူးပေါင်းကာ တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ဆောင်ရွက်လျက်ရှိရာ မီတာခတက်ပြီးနောက် မီးခိုးမှု ပိုမိုလုပ်ဆောင်လာနိုင်မည့် အခြေအနေလည်း ရှိနေပြန်ပါသည်။ ထိုသို့ ဖြစ်ပေါ်လာပါက နိုင်ငံတော်က မျှော်မှန်းသလို ဖြစ်လာနိုင်တော့မည်မဟုတ်ဘဲ ဓာတ်အားပျောက်ဆုံးမှုများ ပိုမိုများပြားလာသလို လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများလည်း ပိုမိုဖြစ်ပေါ်လာနိုင်ပါသည်။

သို့ဖြစ်၍ လျှပ်စစ်မီးပိုမိုရရှိလာရေးအတွက် ပြည်သူတစ်ဦးချင်း၊ တစ်ယောက်ချင်းမှ အသိစိတ်ဓာတ်ရှိရှိဖြင့် မလိုအပ်သေးပါက လျှပ်စစ်ဓာတ်အားကို မသုံးစွဲခြင်း၊ လျှပ်စစ်ဓာတ်အားကို

> **မီတာခတိုးမြှင့်ကောက်ခံရသည့် ရည်ရွယ်ချက်မှာ နှစ်မျိုးတည်းသာရှိသည်။ ပထမအချက်မှာ ဌာနမှဝင်ငွေတိုးတက်ရရှိ၍ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒုတိယအချက်အနေဖြင့် မလုံမလောက်ဖြစ်နေသည့် လျှပ်စစ်ဓာတ်အားကို မလိုအပ်လျှင်မသုံးဘဲ လိုအပ်သလောက်သာသုံးစေလိုသော ရည်ရွယ်ချက်များပင်ဖြစ်**

တရားမဝင် ခိုးယူသုံးစွဲခြင်းမျိုးမှ ရှောင်ကြဉ်ကြရေးမှာ အထူးအရေးကြီးလှပါသည်။ မည်သူသေသေ ငတေမာလျှင်ပြီးရော စိတ်ဓာတ်ရှိသူများကိုလည်း ပြည်သူများပူးပေါင်း၍ ဝိုင်းဝန်းဖော်ထုတ်ပေးနိုင်မှသာ နိုင်ငံတော်က ဓာတ်အားခအနည်းငယ်သာ တိုးမြှင့်ကောက်ခံပြီး လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေနိုင်ရေး မျှော်မှန်းချက်မှာ အောင်မြင်မှုများရရှိလာနိုင်မည်ဖြစ်ပါသည်။

### တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်တော့မည်

ယခုအခါ ပညာပေးကာလအနေဖြင့် တရားမဝင်သုံးစွဲမှုများကို ဖြေလျှော့၍ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း အနာဂတ်ကာလတွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်တော့မည်ဖြစ်ရာ တရားမဝင်ဓာတ်အားသုံးစွဲသူများနှင့် အကျင့်ပျက်ဝန်ထမ်းများအနေဖြင့် အထူးဆင်ခြင်ကြရန် အချိန်ကာလလည်းဖြစ်ပါသည်။ မကြာသေးမီကာလက အရေးယူခဲ့ရသော ဖြစ်ရပ်အချို့ကိုလည်း ပြည်သူတို့ သိရှိနိုင်စေရန် အနည်းငယ်ဖော်ပြလိုပါသည်။

ပထမဆုံးတင်ပြလိုသော အမှုဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ရေခဲစက်တစ်ခုတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်ဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် ဓာတ်အားခသက်သာစေရန် မီတာကိုပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ မီတာကို ပြုပြင်ဆောင်ရွက်ပေးသူ အခြားမြို့နယ်မှ ဝန်ထမ်းနှစ်ဦးနှင့်အတူ ပြုပြင်ဆောင်ရွက်ရန်စေခိုင်းသူ ရေခဲစက်မန်နေဂျာဖြစ်သူတို့အား လျှပ်စစ်ဥပဒေပုဒ်မ(၅၃)ကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ဥပဒေပုဒ်မ (၆၃) အရ တရားစွဲဆိုထားသည့်အပြင် ရေခဲစက်ရုံကိုလည်း နစ်နာကြေးငွေ သိန်းတစ်ထောင်ကျော် ပြန်လည်ပေးသွင်းစေခဲ့သော အမှုဖြစ်သည်။

ဒုတိယအနေဖြင့် စိတ်ဝင်စားဖွယ်ရာအမှုဖြစ်စဉ်တစ်ခုကိုလည်း ဖော်ပြပေးလိုပါသည်။ အိမ်ရှင်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မှဖြစ်ကာ ပြည်ပသို့ခရီးသွားရောက်နေပြီး နေအိမ်အား ငှားရမ်းထားခဲ့ရာ အိမ်ငှားဖြစ်သူက အိမ်သုံးမီတာအား ခွထောက် (By pass) ပြုလုပ်ကာသုံးစွဲခဲ့သော အမှုဖြစ်စဉ်ဖြစ်သည်။ ဥပဒေအရ အိမ်ရှင်တွင်သာ တာဝန်ရှိသဖြင့် အိမ်ရှင်ဖြစ်သူအား နစ်နာကြေးငွေဆယ်သိန်းကျော်ပေးသွင်းစေပြီး လျှပ်စစ်ဥပဒေအရ အမှုဖွင့်တရားစွဲဆိုထားသော ဖြစ်စဉ်ဖြစ်သည်။ အဆိုပါဖြစ်စဉ်နှစ်ခုမှာ လက်ရှိတွင်တရားစွဲဆိုထားခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် ကာယကံရှင်တို့က အသနားခံတင်ပြထားဆဲသာဖြစ်ပြီး အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ထားခြင်းမရှိသေးဟု သိရပါသည်။

ထို့အပြင် အခြားစိတ်ဝင်စားဖွယ်ရာအမှုဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့) မြို့နယ်မှဖြစ်ကာ အဆောင်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပါဝါမီတာမှာ Over Load သုံးစွဲ၍ လောင်ကျွမ်းပျက်စီးခဲ့ခြင်းကို မြို့နယ်လျှပ်စစ်ရုံးသို့ တရားဝင်တင်ပြခြင်းမရှိဘဲ လျှပ်စစ်ရုံးမှ နေ့စားဝန်ထမ်းများ အားငွေပေး၍ ပြုပြင်စေခိုင်းခဲ့သော ဖြစ်စဉ်ဖြစ်သည်။ အဆိုပါနေ့စားဝန်ထမ်းများကို ယခုအခါ တာဝန်မှရပ်စဲထားပြီးဖြစ်သည့်အပြင် ကာယကံရှင်ကိုလည်း နစ်နာကြေးတောင်းခံရန်နှင့် အမှုဖွင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

စာမျက်နှာ ၁၁ သို့ ❐

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီး၏ အမုန်းစကား အမုန်းတရားများ မပြန့်ပွားရေး ဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီး၏ အမုန်းစကား အမုန်းတရားများ မပြန့်ပွားရေး ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။



**ပေးအပ်**

အခမ်းအနားမစတင်မီ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော ဂုဏ်ပြုအလှူငွေကျပ် ၁၂၅ သိန်းကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့ ဆောင်ပုဒ်ဖြင့် အမုန်းစကား အမုန်းတရား မပြန့်ပွားရေး ဟောပြောပွဲကို ဆက်လက်ကျင်းပရာ အထူးဖိတ်ကြားထားသော YMBA၊ သာသနာ့နုဂ္ဂဟအဖွဲ့၊ ဟိန္ဒူအဖွဲ့ချုပ်၊ ဓမ္မပါလကအဖွဲ့၊ တမီလ်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်(အင်္ဂလိကန်)၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ YMCA၊ မက်သဒစ်အသင်းတော် အောက်မြန်မာပြည်၊ မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပဲခူးမွတ်ဆလင်မိသားစု၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ (အစ္စလာမ်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်မှ ဩဇ္ဈသည်တော်ကြီးများ၊ ဟောပြောပွဲကျင်းပရေးကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်နှင့်မြို့နယ်များမှ အလုပ်အမှုဆောင်အဖွဲ့များနှင့် အဖွဲ့ဝင်အင်အား ၉၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဗုဒ္ဓဘာသာကိုယ်စားလှယ် တက္ကသိုလ်ဦးမြတ်သူ၊ ဟိန္ဒူဘာသာကိုယ်စားလှယ် ဦးကျော်ဇင်လတ်၊ ခရစ်ယာန်ဘာသာကိုယ်စားပြု သိက္ခာတော်ရဆရာတော် ဒေါက်တာမျိုးဝင်း၊ အစ္စလာမ်ဘာသာ ကိုယ်စားပြု ဟာဂျီဦးလှဝင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းအလုပ်အမှုဆောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့တို့က ငြိမ်းချမ်းရေး၏ တန်ဖိုးအနှစ်သာရများ အကြောင်းနှင့် ဘာသာတစ်ခုနှင့်တစ်ခုအကြား၊ ဘာသာဝင်အချင်းချင်းတို့အကြား အမုန်းစကား အမုန်းတရားများ မပြန့်ပွားစေရေးအတွက် ဟောပြောခဲ့ကြသည်။

**သတင်းစဉ်**

❒ စာမျက်နှာ ၁၀ မှ

အဆိုပါဖြစ်စဉ်များကို လေ့လာကြည့်ရှုခြင်းဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးတွေ့ရှိလျှင် နစ်နာကြေးတောင်းခံပေးသွင်းရုံမျှဖြင့် ရရှိတော့မည်မဟုတ်ဘဲ လျှပ်စစ်ဥပဒေများဖြင့်ပါ အမှုဖွင့်တရားစွဲဆိုခံရပြီး ချက်ချင်းအာမခံမရဘဲ အချုပ်အနှောင်ခံရနိုင်သည်ဆိုခြင်းကို ပြည်သူများ အထူးသတိပြုမိကြစေလိုပါသည်။ ဤနေရာတွင် လျှပ်စစ်ဥပဒေပုဒ်မ (၅၃)နှင့်(၆၃)တို့ကို ဖော်ပြပေးလိုပါသည်။

ပုဒ်မ(၅၃) ။ ။ မည်သူမျှလျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းကိုဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း မပြုရ (တရားမဝင်ချိတ်ဆွဲအသုံးပြုခြင်းနှင့် လျှပ်စစ်မီတာအားမသမာပြုလုပ်၍ ဓာတ်အားခိုးယူခြင်းတို့အတွက်မပြုလုပ်ရန် တားမြစ်ထားသောပုဒ်မဖြစ်ပါသည်။)

အဆိုပါ ပုဒ်မ(၅၃)ကိုချိုးဖောက်ကြောင်း သက်သေထင်ရှားလျှင် လျှပ်စစ်ဥပဒေပုဒ်မ(၆၃) အရ အနည်းဆုံးငါးနှစ်မှ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ဖော်ပြထားရာ အဆိုပါဥပဒေပုဒ်မများသည် မည်မျှကြီးလေးပြင်းထန်ကြောင်း ထင်ရှားလှပြီး မီးသုံးသူပြည်သူများအနေဖြင့် အသနားခံနေရုံဖြင့် ကင်းလွတ်ခွင့်ရရှိနိုင်ရန် မလွယ်ကူကြောင်းသိသာထင်ရှားလှသည်။ မီးဆိုသည်မှာပူမှန်းသိပါလျက် ပူမည်မထင်၍ကိုင်မိလျှင် ကိုင်မိသူသာအပူဒဏ်ခံစားရပါလိမ့်မည်။ ဥပဒေဆိုသည်မှာလည်း အလားတူပင်ဖြစ်ကာ မသိလို့၊ နားမလည်လို့ပါဟု ထုချေနေရုံဖြင့် အပြစ်မှလွတ်မည်မဟုတ်သဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ ဆောင်ရွက်ပါက ထောင်နန်းစံရနိုင်မည်ကိုလည်း နားလည်သဘောပေါက်ကြရန် အထူးပင်လိုအပ်နေပြီဖြစ်သည်။

**မီဒီယာအချို့တွင် စွပ်စွဲဖော်ပြ**

**မီတာခနှုန်းမတိုးမီကပင် ကုန်ဈေးနှုန်းများတိုးနေသည်ကို ပြည်သူများ တွေ့ကြုံခဲ့ပြီးဖြစ်သဖြင့် ကုန်ဈေးနှုန်းများတက်နေခြင်းသည် မီတာခတက်ခြင်းနှင့် လုံးဝမသက်ဆိုင်သည်မှာ ထင်ရှားပါသည်။ မီဒီယာအချို့တွင် စွပ်စွဲဖော်ပြနေကြသလို အဆနှင့်တိုးမြှင့်ခဲ့ခြင်းလည်းမဟုတ်ဘဲ လျှပ်စစ်ဓာတ်အား အနည်းငယ်သာ အသုံးပြုနိုင်သော အခြေခံလူတန်းစားများအတွက် အနည်းငယ်သာ တိုးမြှင့်ထားခြင်းဖြစ်ပြီး များများသုံးစွဲလိုသူများအနေဖြင့် နိုင်ငံတော်က ထုတ်လုပ်စရိတ်ကာမိစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ ဓာတ်အားနည်းနည်းသုံးပါက ဓာတ်အားခသက်သာပြီး များများသုံးပါက နိုင်ငံတော်က ထုတ်လုပ်စရိတ်ပိုမိုကာမိစေသော စနစ်ဖြစ်ကြောင်းကို ဓာတ်အားခနှုန်းထားသစ်များကို သေချာစွာလေ့လာကြည့်ရှုပါက သိမြင်နိုင်ကြပါလိမ့်မည်။**

**❝ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများသည် ယခုချက်ချင်းဆောက်၊ ယခုချက်ချင်း မပြီးစီးနိုင်ပါ။ မဟာဓာတ်အားလိုင်းတိုင်ကြီးတစ်ခုအား ဖြိုဖျက်ရန် မိနစ်ပိုင်းသာလိုသော်လည်း ပြန်လည်တည်ဆောက်ရန် အချိန်များစွာလိုအပ်ပါသည်။ အချို့သော စက်ပစ္စည်းကိရိယာများသည် ပြည်ပမှဝယ်ယူရသဖြင့် ထိုက်သင့်သည့်အချိန် လိုအပ်ပါသည်။ မန်းမှုတ်လိုက်ရုံဖြင့် ဘွားခနဲပေါ်လာခြင်းမျိုး မဟုတ်သဖြင့် မီတာခတိုးလိုက်ရုံဖြင့် ချက်ချင်းလျှပ်စစ်အပြည့်ရနိုင်မည်တော့ မဟုတ်ပါ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အပြည့်အဝပေးနိုင်ရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိ ❞**

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစရိတ်မှာ ကမ္ဘာအနှံ့အပြားတွင် အနည်းဆုံး ကျပ် ၃၀၀ မှ ကျပ် ၄၀၀ ခန့်ရှိနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် တစ်ယူနစ်လျှင် ကျပ် ၅၀ သာ ရယူထားခြင်းဖြစ်ပါသည်။ လျှပ်စစ်သုံးစွဲမှုပမာဏများလာခြင်း၊ ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်း၊ ပြည့်ဖြိုးမြဲစွမ်းအင် (Renewable energy)ပြောင်းလဲသုံးစွဲရန် ကြိုးစားခြင်း၊ အစိုးရ၏ ငွေကြေးစိုက်ထုတ်နေရမှုများကို လျှော့ချလိုခြင်း၊ လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ဈေးတက်ခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာတွင်လည်း လျှပ်စစ်မီတာခများ တိုးမြှင့်လေ့ရှိပါသည်။ အိမ်နီးချင်းထိုင်းနိုင်ငံတွင် ၂၀၂၃ ခုနှစ်က တစ်ယူနစ်ကို ၃ ဒသမ ၃၈ ဘတ်မှ ၂၀၂၄ ခုနှစ်တွင် တစ်ယူနစ် ၄ ဒသမ ၁၈ ဘတ်ထိ တိုးမြှင့်ခဲ့ပါသည်။ အလားတူ ဗီယက်နမ်နိုင်ငံတွင်လည်း တစ်နှစ်အတွင်း မီတာခကို ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပါသည်။

**ဓာတ်အားခဈေးနှုန်းများ မြင့်တက်လာရခြင်း၏ အဓိကအကြောင်းရင်း**

မြန်မာအပါအဝင် အိမ်နီးချင်းနိုင်ငံများတွင် ဓာတ်အားခဈေးနှုန်းများ မြင့်တက်လာရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုမှာ ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို လျှော့ချပြီး ဈေးနှုန်းကြီးမြင့်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပိုမိုထုတ်လုပ်လာရခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်၍ အိမ်နီးချင်းနိုင်ငံများတွင် အဆိုပါအခြေအနေများကို သိမြင်ကြ၍ ဓာတ်အားခတက်ခြင်းအပေါ် ပြည်သူများအနေဖြင့် ဝေဖန်ခြင်းမျိုး မရှိသည်ကိုလည်း တွေ့ရှိရပါသည်။

တစ်ဖက်တွင်လည်း မီတာခတိုးမြှင့်ကြောင်း ကြေညာလိုက်စဉ်တွင်ပင် ပြည်သူများဘက်က မီတာခတော့တိုးပြီး လျှပ်စစ်ကိုတော့ အပြည့်မပေးကြောင်း ဝေဖန်မှုများမြင့်တက်လာပါသည်။ နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားကို အလုံအလောက်မထုတ်လုပ်နိုင်သေးသဖြင့် အလှည့်ကျပေးနေရခြင်းဖြစ်ပြီး လျှပ်စစ်မီတာခတိုးမြှင့်လိုသဖြင့် လျှပ်စစ်လုံလောက်လျက်သားနှင့် အလှည့်ကျပေးနေခြင်းမျိုး မဟုတ်သောကြောင့် မီတာခတိုးတိုးချင်း မီးအပြည့်အဝပေးရန်မှာ မဖြစ်နိုင်သေးပါ။

**လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများသည် ယခုချက်ချင်းဆောက်၊ ယခုချက်ချင်း မပြီးစီးနိုင်ပါ။ မဟာဓာတ်အားလိုင်းတိုင်ကြီးတစ်ခုအား ဖြိုဖျက်ရန် မိနစ်ပိုင်းသာလိုသော်လည်း ပြန်လည်တည်ဆောက်ရန် အချိန်များစွာလိုအပ်ပါသည်။ အချို့သော စက်ပစ္စည်းကိရိယာများသည် ပြည်ပမှ ဝယ်ယူရသဖြင့် ထိုက်သင့်သည့်အချိန် လိုအပ်ပါသည်။ မန်းမှုတ်လိုက်ရုံဖြင့် ဘွားခနဲပေါ်လာခြင်းမျိုး မဟုတ်သဖြင့် မီတာခတိုးလိုက်ရုံဖြင့် ချက်ချင်း လျှပ်စစ်အပြည့်ရနိုင်မည်တော့ မဟုတ်ပါ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အပြည့်အဝပေးနိုင်ရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသဖြင့် မဝေးတော့သည့်ကာလတွင် ပို၍ပို၍ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်လာမည်ဖြစ်ပါသည်။**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်က ဓာတ်အားတိုးမြှင့်ရခြင်း အကြောင်းရင်းသည် ငွေကြေးမတတ်နိုင်သည့် မိသားစုတွင် လျှပ်စစ်ယူနစ်ကို နည်းနည်းပဲသုံးကြသဖြင့် နိုင်ငံတော်ဘက်က စိုက်ထုတ်ရခြင်းနည်းသော်လည်း လျှပ်စစ်အသုံးအဆောင်များစွာဖြင့် လျှပ်စစ်ယူနစ်အများကြီးသုံးစွဲမှုအပေါ် နိုင်ငံတော်ဘက်က အများကြီးစိုက်ထုတ်ရသဖြင့် စိုက်ထုတ်ရသက်သာစေရန် ရည်ရွယ်ဆောင်ရွက်လိုက်ခြင်းသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဓာတ်အားခတိုးမြှင့်ခြင်းအပေါ် အဆိုးမြင်ဝါဒီသမားများ၏ အဆိုးမြင်ဝေဖန်ချက်များကိုဂရုမပြုကြဘဲ လျှပ်စစ်ကိုပိုမိုရရှိစေရန်အတွက် လျှပ်စစ်ဓာတ်အားကို မလိုအပ်ချိန်တွင် အသုံးမပြုခြင်း၊ တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲခြင်းများကို ရှောင်ကြဉ်ခြင်းဖြင့် ပြည်သူများဘက်မှ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အနူးအညွတ်မေတ္တာရပ်ခံ ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများ ရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသော ကုန်ကျစရိတ်များဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန



## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ တက်ရောက်

ထားဝယ် အောက်တိုဘာ ၅

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သည့် စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီးပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးဝင်းနောင်က ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကာ Mandalay Media က ဆုရကျောင်းသား ကျောင်းသူ ၁၂ ဦးအား တစ်ဦးလျှင် ဆုငွေကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက " မြတ်ဆရာ "သီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး တာဝန်ရှိသူများက မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်တင်ပြကာ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ကန်တော့ပြီး ကန်တော့ပစ္စည်းများ ပေးအပ်ကာ ဆရာကြီး ဆရာမကြီးများက ဆုံးမဩဝါဒစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပဲခူးမြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနား ကျင်းပ

ပဲခူး အောက်တိုဘာ ၅

ပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသူ နှစ်ဦးနှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များကပေးပို့သည့် စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ကတွင်းခြံ)မှ ကျောင်းသားကျောင်းသူများက သီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေရေး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## သာကေတမြို့နယ်၌ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ယနေ့နံနက်ပိုင်းတွင် ၃/ရန်ပြေရပ်ကွက်၊ ၃/မာန်ပြေ ရပ်ကွက်တို့တွင် စာရင်းကောက် အဖွဲ့ ၃၅ ဖွဲ့ဖြင့် တစ်အိမ်တက်ဆင်း ဆက်လက်ကောက်ယူလျက်ရှိသည်။



ထိုသို့ စာရင်းကောက်ယူနေမှုများကို သာကေတမြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ (ခေတ္တ)ဥက္ကဋ္ဌ ဦးသက်နိုင်ဝင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသူရိန်ဇော်၊ အဖွဲ့ဝင်(၂) ဦးညွန့်ဝေ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းဦးနှင့် သန်းခေါင်စာရင်းကော်မတီဝင်များက ကြီးကြပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သာကေတမြို့နယ်၌ ကောက်ကွက်ပေါင်း ၄၆၁ ကွက်ရှိကာ အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ကောက်ကွက် ၂၈ ရာခိုင်နှုန်း ကောက်ယူပြီးဖြစ်ကြောင်း သိရသည်။ ဆောင်းနှင်းဖြူ(ပြန်/ဆက်)

## မြစ်သားမြို့နယ်၌ ရေတိုက်စားပျက်စီးခဲ့သည့် ကသဲကုန်း-ကျွန်းလှလမ်း ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မြစ်သား အောက်တိုဘာ ၅

မန္တလေးတိုင်း ဒေသကြီး မြစ်သားမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်း၍ ပန်းလောင်မြစ်ရေ ဝင်ရောက်မှုကြောင့် ပျက်စီးသွားသည့် ကသဲကုန်း- ကျွန်းလှလမ်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ ပြုပြင်ဆောင်ရွက်ရာသို့ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးနှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၁နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးသည်။

ကသဲကုန်း- ကျွန်းလှလမ်းရှိ လက်ရှိပြုပြင် ဆောင်ရွက်နေသည့် လမ်းအရှည်ပေ ၂၀၀ ရှိပြီး ဂျင်းကျောက်လမ်းအဖြစ် ခင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လိုအပ်ပါက အစ္စရေးကို ထပ်မံတိုက်ခိုက်မည်ဟု အီရန်ပြောကြား



**တီဟီရန် အောက်တိုဘာ ၅**

အီရန်သည်လိုအပ်ပါက အစ္စရေးကို ထပ်မံတိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီက အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

**ထပ်လောင်းပြောကြားခဲ့**

အောက်တိုဘာ ၄ ရက်တွင် ကျင်းပသည့် ဘာသာရေးဝတ်ပြုပွဲတွင် ၎င်းကပြောကြားရာ၌ မကြာသေးမီက ဆောင်ရွက်ခဲ့သည့် ဒုံးကျည်ဖြင့် တိုက်ခိုက်မှုများသည် အီရန်တပ်ဖွဲ့၏ ပြောင်မြောက်သော ဆောင်ရွက်ချက်ဖြစ်သည်ဟု ထပ်လောင်းပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းကို ဟားမတ်စ်အဖွဲ့က တိုက်ခိုက်ခြင်းသည် တရားဝင်သောလုပ်ရပ်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ လက်ရှိတွင် အီရန်၏ တိုက်ခိုက်မှုအပေါ် အစ္စရေးက လက်တုံ့ပြန်လာနိုင်သည့် အခြေအနေရှိပြီး အစ္စရေးအနေဖြင့်လည်း အီရန်၏ နျူကလီးယားထုတ်လုပ်ရေးနယ်မြေများကို တိုက်ခိုက်ခြင်းမပြုပါဟု အမေရိကန်အား အာမခံချက်မပေးထားကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိအချိန်တွင် အစ္စရေးသည် လက်ဘနွန်တွင် တိုက်ခိုက်မှုများ အများအပြားဆောင်ရွက်နေသည်။ ယင်းတိုက်ခိုက်မှုများကြောင့် စစ်ဘေးရှောင်များ အသုံးပြုရာလမ်းကြောင်းများ ပြတ်တောက်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# လက်ဘနွန်ရှိ အင်ဒိုနီးရှားနိုင်ငံသား ၆၅ဦးကို ဘေးလွတ်ရာသို့ရွှေ့ပြောင်း




**ဂျကာတာ အောက်တိုဘာ ၅**

လက်ဘနွန်နိုင်ငံတွင် အစ္စရေးက လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် အင်ဒိုနီးရှားနိုင်ငံသား ၆၅ ဦးကို ရွှေ့ပြောင်းကယ်ထုတ်ပေးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

**ကျန်နေခဲ့**

၎င်းကယ်ဆယ်လာသူများ အနက် ၂၅ ဦးသည် နေရပ်သို့ ပြန်သွားကြပြီး ကျန်သူများမှာ ဂျော်ဒန်နိုင်ငံတွင် ကျန်နေခဲ့ကြောင်း သိရသည်။

လက်ရှိတွင်လက်ဘနွန်နိုင်ငံ၌ အင်ဒိုနီးရှားနိုင်ငံသား ၁၁၆ ဦးရှိပြီး ဘေရွတ်တွင် ၈၃ ဦးနေထိုင်သည်။ ၎င်းတို့သည် ကျောင်းသားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် လက်ဘနွန်ဒေသခံများနှင့်လက်ထပ်ထားသည့် အင်ဒိုနီးရှားနိုင်ငံသားများ ဖြစ်သည်။။

တိုက်ခိုက်မှုများ များပြားလာပါက ရွှေ့ပြောင်းရေးလုပ်ငန်းများ ခက်ခဲနိုင်သည့်အတွက် နေရပ်ပြန်ရေးတွင် မနှောင့်နှေးရန် အင်ဒိုနီးရှားနိုင်ငံသားများအား သတိပေးထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လေပိုင်နက်ပိတ်ဖွယ်ရှိခြင်းကြောင့် အရှေ့အလယ်ပိုင်းသို့ ခရီးသွားလာမှုများ ရွှေ့ဆိုင်းရန်အတွက် အင်ဒိုနီးရှားအစိုးရက နိုင်ငံသားများအား တိုက်တွန်းခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# လာအိုနိုင်ငံသို့ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း နိုင်ငံခြားသားခရီးသွား ၂ ဒသမ ၆ သန်း လာရောက်

**ဗီယန်ကျင်း အောက်တိုဘာ ၅**

လာအိုနိုင်ငံသို့ ၂၀၂၄ ခုနှစ် ပထမရှစ်လအတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည် ၂ ဒသမ ၆ သန်း လာရောက်ခဲ့ပြီး ယမန်နှစ် အလားတူကာလက နိုင်ငံခြားသားခရီးသွား ၂ ဒသမ ၂ သန်းလာရောက်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၉ ရာခိုင်နှုန်း တိုးလာခဲ့သည်။

**သတင်းဖော်ပြ**

ဇန်နဝါရီလမှ ဩဂုတ်လအထိ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံများမှ ခရီးသွားများသည် လာအိုနိုင်ငံသို့ အများဆုံးလာရောက်လည်ပတ်ကြကြောင်း Lao Economic Daily က အောက်တိုဘာ ၅ ရက်တွင် သတင်းဖော်ပြခဲ့သည်။

လာအိုနိုင်ငံသည် ယခုနှစ်ပထမရှစ်လတာကာလအတွင်း စုစုပေါင်း ပြည်တွင်းခရီးသွား ၂ ဒသမ ၃ သန်းလာရောက်ခဲ့ပြီး ယခင်နှစ်ထက် ၈၄ ဒသမ ၂ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ လာအိုနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွားများထံမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၀၁ သန်းခန့် ရရှိခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် လာအိုနိုင်ငံသို့ ၂၀၂၄ ခုနှစ်တွင် လာရောက်လည်ပတ်မည့် ပြည်တွင်းပြည်ပခရီးသွား ခြောက်သန်းကျော် ရရှိရန်မျှော်မှန်းထားကြောင်း သိရသည်။

ထို့အပြင် လာအိုအစိုးရသည် လာအိုနိုင်ငံရှိ ခရီးသွားလာရေး တိုးတက်မှုအတွက် ပံ့ပိုးကူညီရန်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်လုပ်သားရှားပါးမှုကို ဖြေရှင်းရန်အတွက် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများကို မွေးထုတ်ပေးရန် နိုင်ငံအလိုက် ဧည့်လမ်းညွှန်သင်တန်းကို စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊**
**ဘာသာပြန်–အလင်းသစ်**



# နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ပံ့ပိုးပေးမည်ဟု ကတိပြု

**ကိုလံဘို အောက်တိုဘာ ၅**

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သည် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးအဖွဲ့နှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ပံ့ပိုးပေးမည်ဟု ကတိပြုခဲ့ကြောင်း အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

**သွားရောက်ခဲ့**

အာရှပစိဖိတ်ရေးရာဌာန ညွှန်ကြားရေးမှူး ခရစ်ရှ်နားသရီနီဗာဆန် ဦးဆောင်သော နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့သည် သီရိလင်္ကာနိုင်ငံသို့ အောက်တိုဘာ ၂ ရက်မှ အောက်တိုဘာ ၄ ရက်အထိ သွားရောက်ခဲ့သည်။

အာရှပစိဖိတ်ရေးရာဌာန ညွှန်ကြားရေးမှူး ခရစ်ရှ်နားသရီနီဗာဆန်သည် သီရိလင်္ကာနိုင်ငံ သမ္မတဒစ်ဆာနာယာကီ၊ ဝန်ကြီးချုပ် ဟာရီနီအာမာရာဆူရီယာတို့နှင့်လည်း တွေ့ဆုံခဲ့သည်။ ခရီးစဉ်အဆုံးတွင် ခရစ်ရှ်နားသရီနီဗာဆန်က သီရိလင်္ကာနိုင်ငံရင်ဆိုင်နေရသော စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်၍ သီရိလင်္ကာနိုင်ငံသမ္မတ ဒစ်ဆာနာယာကီနှင့် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးအဖွဲ့အစည်းများနှင့် အကျိုးရှိရှိ ဆွေးနွေးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် အဆိုးရွားဆုံးစီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရပြီး စီးပွားရေးပြန်လည်နာလန်ထူလာစေရေးအတွက် အကူအညီပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ သဘောတူညီခဲ့ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့သည် သီရိလင်္ကာနိုင်ငံနှင့် ပြည်သူများကို ထောက်ပံ့ရာတွင် ခိုင်မာသော မိတ်ဖက်အဖြစ် ဆက်လက်တည်ရှိနေပြီး သီရိလင်္ကာနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ရည်မှန်းချက်များ အောင်မြင်စေရေး အကူအညီပေးရန် အသင့်ရှိကြောင်း ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# တောင်ဆူဒန်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၉၀၀၀၀၀ နီးပါး ထိခိုက်ခဲ့



**ဂျူဘား အောက်တိုဘာ ၅**

တောင်ဆူဒန်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၈၉၀၀၀၀ ကျော် ထိခိုက်ခဲ့ကြောင်းနှင့် အဆိုပါရေကြီးရေလျှံမှုအပေါ် တုံ့ပြန်ဆောင်ရွက်မှုကို အတိုင်းအတာတစ်ခုအထိ တိုးမြှင့်လိုက်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

**ပြောကြား**

တောင်ဆူဒန်မြို့တော် ဂျူဘားအပါအဝင် ရေလွှမ်းမိုးမှုများကြောင့် ခရိုင် ၄၂ ခုတို့တွင် လူပေါင်း ၂၂၆၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အဆိုအရ တောင်ဆူဒန်နိုင်ငံသည် ပျမ်းမျှမိုးရွာသွန်းမှု၊ မြစ်ရေစီးကြောင်းနှင့် စံချိန်တင်ရေလွှမ်းမိုးမှုများ ဖြစ်နိုင်ကြောင်း ခန့်မှန်းချက်များနှင့်အတူ တောင်ဆူဒန်တွင် မကြုံစဖူး ရေလွှမ်းမိုးမှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ ပျက်စီးသွားသောလမ်းများကြောင့် ထိခိုက်ပျက်စီးနေသော ရပ်ရွာများသို့ သွားလာခွင့်ရရှိရေးသည် စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေကြောင်း အဆိုပါအေဂျင်စီက ပြောကြားသည်။

တောင်ဆူဒန်နိုင်ငံ၌ မေလတွင် စတင်ခဲ့သည့် ရေကြီးရေလျှံမှုကြောင့် နေအိမ်များ၊ ကောက်ပဲသီးနှံများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးကာ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ပြီးနောက် ရေလွှမ်းမိုးမှု အရေးပေါ်တုံ့ပြန်ရေးအတွက် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ ၁၅ သန်း ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# တနင်္သာရီတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ အစည်းအဝေးကျင်းပ

ထားဝယ် အောက်တိုဘာ ၅

တနင်္သာရီတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၊ အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းက တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ နေပြည်တော်၏ စက်တင်ဘာ ၁၀ ရက်နေ့ ရက်စွဲပါစာအရ အဖွဲ့ခွဲအနေဖြင့် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေစွာ လုပ်ဆောင်သင့်သည့်လုပ်ဆောင်နိုင်မည့် အကြံပြုချက်များကို အောက်တိုဘာ ၂၅ ရက်အရောက် ဗဟိုအဖွဲ့သို့ အကြံပြုချက်များကိုရယူလိုသည့်အတွက် အစည်းအဝေးခေါ်ရခြင်းဖြစ်ကြောင်း၊ အဖွဲ့ခွဲ အဖွဲ့ဝင်များအနေဖြင့် ပွင့်လင်းလွတ်လပ်စွာ အကြံပြုချက်သဘောထားများကို ဗဟိုအဖွဲ့သို့ ပေးပို့တင်ပြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး၊ တိုင်းဒေသကြီးဥပဒေအရာရှိက အဖွဲ့ခွဲ၏ လက်ရှိအခြေအနေနှင့် လုပ်ဆောင်သင့် လုပ်ဆောင်နိုင်မည့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြပြီး အဖွဲ့ဝင်များက ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

# ပုသိမ်မြို့၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲပြုလုပ်

ပုသိမ် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအတွင်းရေးမှူး ဦးကျော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု၊ ငွေကြေးထောက်ပံ့မှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းက အိမ်ခြံမြေနှင့် အဖိုးတန်သတ္တုရောင်းဝယ်ရေးဆိုင်ရာ ညွှန်ကြားချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က သတင်းပို့အဖွဲ့အစည်းများ လိုက်နာရမည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား zoom ဖြင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များအား ဝိုင်းဝန်းမေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Cho Lei Lei Thin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာနေ ချိုလဲ့လဲ့သင်းကို မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁၀-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- **၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၄၀** Clean and Green ဖော်ဆောင်ဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်စို့
- **၀၉:၂၀** ကာတွန်းအစီအစဉ် **'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း'** (အပိုင်း-၁၀)
- **၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၀:၁၅** လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး
- **၁၀:၃၀** **'အချစ်တေးကဗျာ'** တေးဂီတပျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- **၁၁:၄၀** အသိပညာနှင့်အမှန်တရား
- **၁၂:၄၅** လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး
- **၁၂:၅၅** MRTV National News
- **၁၃:၂၀** မြန်မာ့ရွှေဝင်ရုပ်ရှင် **'ဖက်ဖူးရောင်'** (ဇော်လင်း၊ထွန်းထွန်းဝင်း၊ခင်သီတာထွန်း)
- **၁၆:၄၅** (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အရေးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်း အဖွဲ့စကားဝိုင်းဆွေးနွေးပွဲ
- **၁၇:၂၅** Sports Diary
- **၁၇:၄၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- **၁၈:၄၀** ပြည်ချစ်သားမွန်တေးသဝဏ်
- **၁၉:၀၅** လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူအနားကချစ်လိပ်ပြာ'** (အပိုင်-၁၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဘဝနှင့်အနုပညာ **'ထူးခြားထင်ရှား အနုပညာဖြင့်'** **'ဘဏယ်ဒဝိဒါရိုက်တာဝင်းလွင်ထက်'** (အပိုင်း-၂)
- **၂၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း **'သန်းခေါင်ကျော်ပြီ'**

### mitv

- **07:01** Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- **07:10** Myanmar Masterclass: Artist Khin Maung Zaw
- **07:21** Innovative Handiworks Based On The Art Of Line Drawing
- **07:41** Sri Ksetra, Field of Fortune & Glory (Part-2)
- **08:01** News
- **08:26** Asia Updates; An App for Hand-Me-Downs
- **08:31** Topical Science Topics: Beauty of Marine Life
- **08:54** Waso or the Buddhist Lent
- **09:02** Bravocado Benefits
- **09:24** Today Myanmar
- **09:36** Done Nyaung Hmaing: A New Tourism Spot
- **09:47** The Civil Twilight - 2
- **10:28** Topics Potpourri; Gordonstoun: The School that Shaped a Monarch

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၉)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၃)

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
စွဲမက်ဖွယ်ရာထီးရိုးဆေးဗိဇ္ဇာတောင်တော် သဘာဝလိုဏ်ဂူ

**ဝကြောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၇)

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကရင်ရိုးရာဖိနပ်လုပ်ငန်း

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
မြေးအဖိုး (အပင်အကြောင်း)

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ဗီးဖြူသီးနှင့်ကျန်းမာရေး

**ချင်း (ချီး) (၁၆:၀၀ မှ ၁၇:၀၀)**
ပြောင်းဖူးစေးဗက်ထုပ်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ရွှေတံခါးမြို့သို့အလည်တစ်ခေါက်

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းရိုးရာသင်ပုတ်စင်

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလဲ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ကိုရီးယားနိုင်ငံ'**
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သိလျက်နဲ့ထိမ်ချန်မှု'**
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ဝင်ကာပူနိုင်ငံ'**
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ဗီရိုသမ္မတနိုင်ငံ'**
- **၁၁:၃၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၇)

### MRTV FARMERS' / H TV Channel

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၁၅** တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာ ယူရီးယားမြေသြဇာ
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၀၀** News Flash
- **၁၉:၀၀** ကျားလန်မပိုး တာတေတိုး(ဇာတ်လမ်း)
- **၂၂:၀၀** The Birth of Sake (နိုင်ငံခြားဇာတ်လမ်း)
- **၂၂:၀၀** Small Farm Rising Family Farm Chores

### MRTV SPORTS / H TV Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၀** Football Higilights
- **၀၇:၄၅** Weekend News
- **၁၇:၀၀** အားကစားသတင်း
- **၁၈:၀၀** ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးဘောလုံးပွဲ (Final)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၅**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ နယ်မြေ အပါအဝင်တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍ လည်းကောင်း၊ အကောက်ခွန် ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေး စခန်းများ၊ ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက် ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရသည်။

တာဝန်သိ ပြည်သူများ၏ သတင်းပေး တိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း သတင်းရရှိမှု ၉၅ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၄၅ ကြိမ်၊ နောက်ကျသတင်း တစ်ကြိမ်နှင့် သိမ်းဆည်းရမိမှု ၄၉ ကြိမ် ဖြစ်သည်။ သတင်းရရှိမှုကြောင့် သိမ်းဆည်းရမိ အမှုတွဲ ၈၃ မှု ဖွင့်လှစ်ထားပြီး သိမ်းဆည်းရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ဖြစ်သော ကုန်ပစ္စည်း ၅၅ မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၂ ဒသမ ၈၆၄ သန်းနှင့် တရားမဝင် ကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ အပါအဝင် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိခဲ့သည်။



၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း သိမ်းဆည်းရမိမှု။

၂၀၂၄ ခုနှစ် စက်တင်ဘာလ အတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း သိမ်းဆည်းရမိမှု တန်ဖိုးငွေကျပ် ၂၁၀၂ ဒသမ ၈၆၄ သန်း၏ ၂၀ ရာခိုင်နှုန်း ဖြစ်သော ငွေကျပ် ၄၂၀ ဒသမ ၅၇၃ သန်းကို သတင်းပေး ဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများကလည်း မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း -၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ် ၀၆၇-၄၀၉၈၈၃နှင့် အီးမေးလ် antiill-egaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၄၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၄၈၃၆၄၆)ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၄၆၇၄၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကို လည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၆၂၅၁၀၆၆** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာကေတမြို့နယ် ဧရာဝဏ်လမ်းမအနီး၌ လိုင်စင်မဲ့ Toyota Lexus ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီး **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၁ မျိုး၊ လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၇၆၂၃၄၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Star Micro Bus တစ်စီး၊ Mitsubishi Canter Truck တစ်စီးနှင့် Toyota Wish တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀၀) ကိုလည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၇၆၂၃၄၆** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် ၄ ဒသမ ၆၄၈ တန်နှင့် မီးသွေး ၂၅ ဒသမ ၆၀ တန် **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၇၀၆၀** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်အတွင်း၌ လိုင်စင်မဲ့ Daihatsu Hijet ယာဉ်တစ်စီး၊ Isuzu D-Max ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၀၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၂၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Bus တစ်စီး၊ Golden Dragon Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို လည်းကောင်း၊ ဘုရားကြီးမြို့လမ်းဆုံအနီး၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၇၆၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitusbishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို လည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၇၃၆၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet ယာဉ်နှစ်စီး **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ အောက်တိုဘာ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၆၆၆၄၇၂)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနေမှုကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု



**မင်္ဂလာဒုံ အောက်တိုဘာ ၅**

မြန်မာ နိုင်ငံတစ်ဝန်းလုံးတွင်၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ သတ်မှတ်နေရာများ၌ သန်းခေါင်စာရင်းကောက်ယူရေး စာရင်းကောက်အဖွဲ့ ၃၄ ဖွဲ့တို့က စာရင်းစစ်၊ စာရင်းကောက် ၂၀၄ ဦးဖြင့် ဆက်လက်ကောက်ယူလျက်ရှိသည်။

ထိုသို့ သန်းခေါင်စာရင်းကောက်ယူနေခြင်းကို ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကောင်းညွှန့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာဆွေ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးထူးကျော်၊ အတွင်းရေးမှူး ဦးမြင့်သူအောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြမြသိန်းနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၅**

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# မုံရွာမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



မုံရွာ အောက်တိုဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဖတ်ကြားသည်။

ဆက်လက်ပြီး ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သည့် စုပေါင်းသဝဏ်လွှာအား တိုင်းဒေသကြီးပညာရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း ငွေသားဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက အခြေခံပညာ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပညာ အထက်တန်း/ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ငွေသားဆုနှင့် ဂုဏ်ပြု လက်မှတ်များအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သန်လျင်မြို့နယ်၌ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ပြည်သူများလက်ဝယ်အရောက် ရောင်းချပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် စားအုန်းဆီများကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် တာဝန်ရှိသူများက စက်တင်ဘာ ၉ ရက်မှစတင်ကာ ပြည်သူများလက်ဝယ်အရောက် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် သတ်မှတ်ဆီအရောင်းရက်များ၌ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် Wilmar Myanmar Edible Oils Com၊ Resources Group Trading Com ကုမ္ပဏီတို့၏ သတ်မှတ်ရည်ညွှန်းဈေးဖြင့် လက်ကားကိုယ်စားလှယ်ကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်ပြီး စက်တင်ဘာလမှစတင်ကာ လစဉ်သတ်မှတ်ဆီအရောင်းရက်များ၌ သက်ဆိုင်သည့် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်၊ ဗိုလ်ချုပ်ကျေးရွာ၊ ဘုရားကုန်းကျေးရွာခွဲ ခြောက်ရွာတို့တွင် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

စားအုန်းဆီများရောင်းချပေးရာ၌ လက်ကားကိုယ်စားလှယ်က ကြီးကြပ်၍ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ အိမ်ထောင်စုစာရင်းဝင်များနှင့် ညှိစာရင်းအရ နေထိုင်သူ အိမ်ထောင်စုလူဦးရေအလိုက် အိမ်ထောင်စု တစ်စုလျှင် သတ်မှတ်ဆီအဝယ်စာအုပ်ဖြင့် ၁၀ ရက်တစ်ကြိမ် စားအုန်းဆီ တစ်ပိဿာနှုန်းဖြင့် တစ်လလျှင် စားအုန်းဆီ သုံးပိဿာရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



# မြန်အောင်မြို့နယ်၌ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

မြန်အောင် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ၂၀၂၅ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုအား အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

မြန်အောင်မြို့နယ် မြစ်ကျိုးကျေးရွာအုပ်စုအတွင်း ယမန်နေ့က စာရင်းကောက်ယူမှုများအား မြန်အောင်မြို့နယ် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်း၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်မြင့်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

### ဆက်လက်ကောက်ယူမည်

မြန်အောင်မြို့နယ်အနေဖြင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၇၃ အုပ်စု၌ ကောက်ကွက်ပေါင်း ၆၀၃ ကွက်တွင် စာရင်းကောက်အဖွဲ့ ၄၃ ဖွဲ့၊ စာရင်းစစ်/ စာရင်းကောက်ဦးရေ ၂၃၀ ဖြင့် အောက်တိုဘာ ၁ ရက်မှ စတင်ကောက်ယူလျက်ရှိရာ ယမန်နေ့အထိ ကောက်ကွက်ပေါင်း ၁၈၉ ကွက် ကောက်ယူပြီးစီးကြောင်းနှင့် ကျန်ရှိသည့်ကောက်ကွက် များအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# အောင်မြေသာစံမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူ

မန္တလေး အောက်တိုဘာ ၅

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဘုန်းတော်တိုး ရပ်ကွက် အကွက် ၄၁၈ မြို့ပတ်လမ်း အမျိုးသမီးသက်မွေးသင်တန်းကျောင်း ကောက်ကွက် ၀၀၁-၃ ၌ ယနေ့နံနက် ၁၀ နာရီတွင် ၂၀၂၅ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူးများ၊ လဝကမှ တိုက်နယ်မှူး ဒေါ်ခင်ဌေးမြင့် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ ၁၅ ဦးတို့ဖြင့် သန်းခေါင်စာရင်းစတင်ကောက်ယူခဲ့ရာ အမှတ် (၁) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက လုံခြုံရေးလိုက်ပါ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကောက်ယူနေမှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်း၊ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်တို့က ကြည့်ရှု၍ စနစ်တကျပူးပေါင်းဆောင်ရွက် ကြရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁၀-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၃၁၄၀ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၄၄၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၀ | ၃၂၄၅ | ၃၂၅၅ | ၃၂၁၀ | ၃၃၃၅ | ၃၃၆၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၆၅ | ၃၂၅၅ | ၃၂၆၅ | ၃၆၇၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၅၀ | ၂၆၂၅ | ၂၅၈၀ | ၂၆၅၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၇၅ | ၂၆၉၀ | ၃၀၉၅ | ၄၄၅၀ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၃၀ | ၄၄၅၀ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၃၀ | ၄၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၈ |
| 95 Ron | ၂၉၈၇ | ၃၀၈၁ |
| HSD (500 ppm) | ၂၄၂၇ | ၂၅၀၅ |
| HSD (50 ppm) | ၃၀၂၆ | ၃၁၁၆ |
| HSD (10 ppm) | ၃၀၂၆ | ၃၁၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။**မိုး/ဇလ**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၅

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ ယနေ့၌ ပေါင်းလောင်းရေလှောင်တမံတွင် ၂ ဒသမ ၉၅ ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၅၂ ပေ လျော့နည်းခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

သတင်းစဉ်

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ-၅.၁၀.၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၅.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၀၆၄၇ | ၆၂၆.၃၄ | ၅၆၂၀၄၄ | ၁၈၇၉၁ (လျှပ်စစ်ထုတ်ရေ) | - | - | ၂.၉၅ | ၁၄၀၅၂ | - | ၆၂၆.၈၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၆.၂၅ | ၂၇၄၈၇ | ၁၆၉ | ၈.၇၅ | ၉၀၁၃ | - | - | ၀.၁၀ | ၆၂၆.၄၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၅ | ၅၁၈.၈၅ | ၈၈၆၃၁ | ၂၇၁ | ၁.၁၅ | ၃၁၃၉ | - | - | - | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၉၅ | ၁၀၆၈၅ | ၇ | ၂.၀၅ | ၁၅၇၂ | - | - | ၀.၁၈ | ၅၁၀.၀၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၆၃ | ၄၃၈.၀၀ | ၇၀၀၀၀ | ၁၁၅ | ၁.၀၀ | ၃၀၀၀ | - | - | - | ၄၃၈.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၂ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | ၀.၄၀ | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၄၇ | ၇၈၅၄ | ၈ | ၁.၅၃ | ၈၆၄ | - | - | - | ၄၁၆.၅၀ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၄ | ၇၀၃.၁၀ | ၁၀၅၂၃၀ | ၂ | ၆.၉၀ | ၃၇၈၆၀ | - | - | - | ၇၀၃.၁၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၃၂ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၈၀ | ၈၆၄.၂၀ | ၁၀၅၃၄ | ၇၂ | ၅.၈၀ | ၄၀၆၆ | - | - | ၀.၇၃ | ၈၆၄.၂၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

## ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ပေါင်းလောင်းဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၅

ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားခဲ့ပြီး ပေါင်းလောင်းဆည်ရေသောက် စနစ် တူးမြောင်းများနှင့် ရေပေးအဆောက်အအုံအချို့ ရေတိုက်စား ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ဦးစွာ ပေါင်းလောင်းရေလွှဲဆည် ရေလျှံထိန်းတာပေါင် ရေတိုက်စားမှုကို ယာယီပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီအကုန် ပွင့်လင်းရာသီတွင် မူလဒီဇိုင်းပုံစံအတိုင်း စနစ်တကျပြန်လည်ပြင်ဆင်နိုင်ရေး စီမံဆောင်ရွက်ရန် အကြံပြုဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့ပတ်လမ်းနှင့် ပေါင်းလောင်းလက်ယာတူးမြောင်းမကြီး ပေတိုင် ၃၀၀၀ ဆုံသောနေရာတွင် ရာဂီမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော တူးမြောင်းမကြီးကို စက်ယန္တရားများ အသုံးပြု၍ ပြန်လည်ပြုပြင်နေမှုနှင့် ပေါင်းလောင်းရေသောက်စနစ် လက်ဝဲတူးမြောင်းမကြီး ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးမှုမရှိသည့် မိုးစပါးစိုက်ဧကများ စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ပေးသည်။



ယင်းနောက် ရေဆင်းရေလှောင်တမံသို့ ရောက်ရှိပြီး ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ရာဂီမုန်တိုင်းအလွန် ထိခိုက်ပျက်စီးမှုမရှိခဲ့သည့် မိုးစပါးစိုက်ဧကများ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ MNL မှ

ခုနစ်မှတ်အထိ ပြတ်သွားခဲ့ရသည်။ အမှတ်ပေးဇယား အလယ်ပိုင်းတွင် ရပ်တည်နေသည့် သစ္စာအားမာန်အသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း မိနစ်ပိုင်းအကြာမှာပင် ချေပဂိုးပြန်ပေးလိုက်ရပြီး သရေရလဒ်သာ ရယူနိုင်ခဲ့သည်။ ၄၇ မိနစ်တွင် သန်းထိုက်အောင်က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၅၄ မိနစ်တွင် ခန့်ဝင်းအောင်က Junior Lions အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန်အသင်းမှ အိုကေချစ်ကရရှိသည်။

ပွဲစဉ် (၁၇) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၃၈ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး အား/ကာသိပွဲအသင်းက ၁၅ ပွဲကစား ၃၃ မှတ်၊ Junior Lions အသင်းက ၁၆ ပွဲကစား ၃၁ မှတ်၊ ဒဂုံတာရာယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၂၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၂၄ မှတ်၊ သစ္စာအားမာန်အသင်းက ၁၆ ပွဲကစား ၂၂ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရမှတ် ၂၀ စီ၊ ရတနာပုံအသင်းက ၁၆ ပွဲကစား ၁၉ မှတ်၊ Dagon Port အသင်းက ၁၅ ပွဲကစား ၁၅ မှတ်၊ မြဝတီအသင်းက ၁၆ ပွဲကစား ၁၃ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရှစ်မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၅ ပွဲကစား ခုနစ်မှတ် ရရှိထားသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြား လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်း ဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်မြောက် တိုင်းစစ်ဌာနချုပ် ဇေယျာသီရိ ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**စာရေးကိရိယာများ ပေးအပ်**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ မုံရွာတပ်နယ် တပ်ရင်း/တပ်ဖွဲ့အသီးသီး၌လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြား လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်း ဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






## အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌ စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးများ ခတ်ပေးခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေး ခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဌာန ဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြ သည်။

ထို့အတူ နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ရှိ ပြည်သူ့ဆေးရုံနှင့် လှည်းကူးမြို့နယ် ဒါးပိန် တိုက်နယ်ဆေးရုံတို့၌ နယ်မြေခံတပ်မတော်သားများ က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်း ခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်း ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင် လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင်လည်းကောင်း စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာန ဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီ ရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ် ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များ က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များနှင့် ကျန်းမာရေးအသိပညာပေး ဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင် ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေ များကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိ သည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်း ဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန် အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့ သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည် ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင် ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**



## ပန်းတနော်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူ



**ပန်းတနော် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်းကို ယနေ့ နံနက်ပိုင်းကရပ်ကွက်၊ ကျေးရွာအုပ်စုများ တွင် ဆက်လက်ကောက်ယူလျက်ရှိသည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူ နေမှုများကို မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည် များ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသည်။

ပန်းတနော်မြို့နယ်ရုံးအနေဖြင့် ရပ်ကွက် လေးခု၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၌ ကောက်ကွက် ပေါင်း ၅၅၂ ကွက်တွင် စာရင်း စစ်၊စာရင်းကောက် စုစုပေါင်း ၂၀၇ ဦးတို့က အဖွဲ့ပေါင်း ၃၉ ဖွဲ့ဖြင့် အောက်တိုဘာ ၁ ရက် မှ စတင်ကောက်ယူလျက်ရှိရာ ယမန်နေ့ အထိ ကောက်ကွက်ပေါင်း ၁၂၈ ကွက် ကောက်ယူပြီးစီးကြောင်း သိရသည်။

**ကျော်သူအောင်(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီ

**နေပြည်တော် အောက်တိုဘာ ၅**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုး တန်းနှင့် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း သည် အားလျော့သွားပြီ ဖြစ်သည်။

**မိုး/ဇလ**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသည့် မျိုးသစ်များအား တောင်ငူခရိုင် ငါးမြို့နယ်မှ တောင်သူများ လာရောက်လေ့လာ



**နေပြည်တော် အောက်တိုဘာ ၅**

ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများ ထိခိုက်ခဲ့ရသည့် တောင်ငူ၊ ထန်းတပင်၊ ဖြူး၊ ရေတာရှည်၊ အုတ်တွင်း မြို့နယ်တို့မှ တောင်သူများသည် ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး သုတေသနဦးစီးဌာန စပါးသီးနှံ သုတေသနဌာနခွဲ၌ သုတေသနပြုစိုက်ပျိုးထားရှိသော ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသည့် မျိုးသစ်များ စိုက်ပျိုးထားရှိမှုကို လာရောက်လေ့လာကြသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ လေ့လာရေးအဖွဲ့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ကြိုဆိုနှုတ်ဆက်ပြီး စပါးမျိုးသစ်များနှင့် သီးနှံပေါင်းစုံ မျိုးသစ်များ တောင်သူများလက်ဝယ် အမြန်ရောက်ရှိရေး၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးနှင့် လိုအပ်သော ထောက်ပံ့ကူညီရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**ကွင်းဆင်းလေ့လာ**

ထို့နောက်လေ့လာရေးအဖွဲ့များက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသော အရည်အသွေးကောင်း စပါးမျိုးများဖြစ်သည့် YSR-1၊ KQR-01၊ YQR-11 စပါးမျိုးများ၊ ရေအနည်းလို စပါးမျိုးများဖြစ်သည့် ရေအနည်းလို(၇)၊ YAR-14၊ ရေမြုပ်ခံစပါးမျိုးများဖြစ်သည့် ရေမြုပ်ခံ(၁)၊ ရေမြုပ်ခံ(၂)၊ ရေမြုပ်ခံ(၃)စပါးမျိုးများ၊ ဆည်ရေသောက်မျိုးများဖြစ်သည့် YIR-14၊ ရတနာတိုး စပါးမျိုးသစ်များနှင့် စပါးသီးနှံအပါအဝင် သီးနှံမျိုးစုံအတွက် စမ်းသပ်ထားသော ရွက်ဖျန်းအားဆေး၏ အကျိုးသက်ရောက်မှု စမ်းသပ်ကွက်တို့ကို ကွင်းဆင်းလေ့လာကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ အကြိမ်(၅၀)မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ကြသည်။

ယင်းနောက် လေ့လာရေးတောင်သူများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ် အအေးခန်းများတွင် ထိန်းသိမ်းထားရှိသော နိုင်ငံတစ်ဝန်းမှ သီးနှံမျိုးစေ့များ၊ မွေးမြူရေးခတ်ခွဲခန်းများကို လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖



# လက်ပံတန်းမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူနေမှု ကြည့်ရှုအားပေး

**လက်ပံတန်း အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၄၉ အုပ်စုတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုအား မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်၊ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးမိုးတို့က လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

**အောင်ဆင့်**

# နည်းလမ်းပေါင်းစုံအသုံးပြု၍ အငြင်းပွားမှုများကိုဖြေရှင်းခြင်း သင်တန်းပို့ချ




**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(MIAC)နှင့် L2I- CON International (Malaysia)တို့ပူးပေါင်းစီစဉ်သည့် မြန်မာနိုင်ငံရှိ ADR(Alternative Dispute Resolution) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ် Grand Ball Room ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ Dato Mary Lim Thiam Suan(Director of Asian International Arbitration Centre(AIAC)ကAIAC ၏ လုပ်ငန်းစဉ်များနှင့် ADR အခန်းကဏ္ဍအကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(MIAC) နှင့် Environmental Social Governance (ESG) ADR(Alternative Dispute Resolution)အတွက် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်း၊ ရန်ကုန်မြို့သဃ်န်းကျွန်ခရိုင် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း ဥက္ကဋ္ဌ ဦးညီညီသိန်း၊ မလေးရှားနိုင်ငံမှ ESG ADR ဖိုရမ်တည်ထောင်သူ Mr.Leong Hong Kit နှင့် Mr.Andrew Heng တို့က နှစ်ဖက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ESG ADR ဖိုရန်၏ ကိုယ်စားပြုပူးတွဲတည်ထောင်သူ Mr.Leong Hong Kit က နည်းလမ်းပေါင်းစုံ အသုံးပြု၍ အငြင်းပွားမှုများကို ဖြေရှင်းခြင်း (Introduction to ADR)အကြောင်း ပို့ချပြီးဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# မရမ်းကုန်းမြို့နယ်၌ ဓာတ်တိုင်ကိုးတိုင်အား ယာဉ်တိုက်မှုမှ ဓာတ်အားနေ့ချင်းပြီးရရှိရန် ဝိုင်းဝန်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၅ ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း ဂန္ဓမာမီးပွိုင့်တွင် အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီခန့်က ကွန်တိန်နာ ၂၂ ဘီးယာဉ်မှ ဓာတ်တိုင်ကိုးတိုင်အား တိုက်မိခဲ့ရာ အဆိုပါမြို့နယ်တွင် ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့ပြီး အများပြည်သူ လျှပ်စစ်အသုံးပြုနိုင်ရန် နေ့ချင်းပြီး ဝိုင်းဝန်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ကွန်တိန်နာယာဉ်မှ ကမ္ဘာအေးဘုရားလမ်း၏ ညာဘက်ခြမ်းမှ ဆက်သွယ်ရေးကြိုးများကို ချိတ်မိရာမှ ၃၃ ကေဗွီ စိန်ပန်းမြိုင်ကမ္ဘာအေးဖီဒါ၏ ၁၂ မီတာ ကွန်ကရစ်ဓာတ်အားလိုင်းတိုင်ကိုးတိုင်အား တိုက်မိခဲ့ပြီး တိုင်အောက်ခြေများကျိုးပျက်၍ ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့ကာ ဖြတ်သန်းသွားလာသည့် ယာဉ်အချို့လည်း ထိခိုက်မှုဖြစ်ပွားခဲ့သည်။



အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားအမြန်ပြန်လည်ရရှိရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်၊ အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများပူးပေါင်း၍ ဓာတ်အားလိုင်းများ စစ်ဆေးပြုပြင်ခြင်း၊ ဓာတ်အားလိုင်းတိုင်များ အစားထိုးလဲလှယ်ခြင်းကို လူအင်အားဖြင့် အမြန်ဆုံးဆောင်ရွက်ခဲ့ရာ အဆိုပါနေ့ ည ၁၀ နာရီတွင် မရမ်းကုန်းမြို့နယ်အတွင်း ဓာတ်အားပြန်လည် ပို့လွှတ်နိုင်ခဲ့ကြောင်း သိရသည်။ **ဥဿ**



# သာစည်မြို့နယ်၌ ရေဝင်ရောက်ခဲ့မှုကြောင့် သုံးပတ်လည်ကျေးရွာ စာသင်ကျောင်းအုတ်တံတိုင်း ပြိုလဲခြင်းအား ရှင်းလင်းဆောင်ရွက်

**သာစည် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ရေကြီးရေလျှံပြီး ရေဝင်ရောက်ခဲ့မှုကြောင့် သာဂရကျေးရွာအုပ်စု သုံးပတ်လည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အုတ်တံတိုင်းပြိုလဲခြင်းအား အောက်တိုဘာ ၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၁၃ ဦး၊ အရန်တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သန္ဓေတပ်ဖွဲ့ဝင် ငါးဦးတို့က ကျေးရွာပြည်သူများနှင့်အတူ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းကို ချောင်းရေ၊ မြောင်းရေနှင့် မြေအောက်ရေတင်ပြီး လုပ်ကိုင်ကြရာ ယခုနှစ်မိုးရာသီစိုက်ပျိုးသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် စိုက်နည်းစနစ်မှန်ကန်ရေး သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြပွဲများ ကျင်းပခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျ အချိန်ကိုက်သုံးစွဲရေး ပညာပေးခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာများ နည်းပညာပေးလျက်ရှိပြီး ယူရီးယားဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာဖြန့်ဖြူးပေးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ရီထံမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄ -၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရန် ၃၄၀၉၇ ဧက လျာထားပြီး ၃၄၀၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ဧရာမင်း၊ မနောသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ စပါးမျိုးများ စိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

○

ဝတ္ထုတို

## ✻ ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)

=====================

(၁)

"ဘညိုတို့များ သူ့မြေးမ လက်ကမချ ဘူးပေါ့။ ဘယ်သွားသွား သူ့မြေးမလေးနဲ့ပဲ"

"ဟုတ်ပ့ါဗျာ။ တော်တော်ချစ်တယ်နော်။ သူ့မြေးလေးကို"

"ချစ်ဆိုဗျာ တစ်ဦးတည်းသော သားလေးက မွေးထားတဲ့ တစ်ယောက်တည်းသောမြေးမလေး မဟုတ်လားဗျာ။ သူ့ဘဝခင်တွယ်စရာ သည်ကလေးပဲရှိတာလေ"

"အင်းလေဗျာ။ အဖြစ်အပျက်တွေက မယုံနိုင်စရာ။ ကံကြမ္မာများ ဆိုးချက်ဗျို့။ အေးအေးနေတတ်တဲ့ ဘညိုတို့မိသားစုလေးကို ဝင်မွှေသွားတာ သိပ်ကြောက်စရာကောင်းတယ်ဗျာ"

"အမှန်ဗျာ။ အတိတ်ကံ ဝဋ်ကြွေးတွေပေ့ါ"

ဘညိုတို့ မြေးအဘိုးနှစ်ယောက်ကို ကြည့်ပြီး မြင်ရသူတိုင်းကတော့ သနားကရုဏာသက်နေကြတော့သည်။ အမြဲတမ်း ပြုံးပြုံးလေးနဲ့ လူအေးကြီးဘညိုကို လူတိုင်းကချစ်ကြသည်။ မြန်မာ့လက်မှုပညာရှင် ပန်းပုပညာကို ကောင်းစွာတတ်မြောက်ထားတဲ့သူမို့လည်း သည်လုပ်ငန်းလေးနဲ့ သူတို့မြေးအဘိုးရဲ့ ဘဝဝမ်းစာကို ငြိမ်းအေးနေရတာဖြစ်သည်။

အရင်ကတော့ မိန်းမ၊ သား စုံစုံလင်လင်နဲ့ ပျော်ရွှင်စရာကောင်းတဲ့ ဘညိုတို့မိသားစု။ ခုတော့ .....

(၂)

ငယ်စဉ်ကတည်းက ပန်းပုပညာနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ဘညို။ မိမိဘဝအတွက် အသက်မွေးဝမ်းကျောင်းအဖြစ် သည်လုပ်ငန်းကိုပဲ လုပ်ကိုင်ခဲ့သည်။ လက်ရာကောင်းမွန်ခြင်းကြောင့် အပ်ထည်တွေ များခဲ့သည်။ အိမ်ထောင်ကျတော့လည်း သာယာစိုပြည်သော မိသားစုလေးအဖြစ် ပတ်ဝန်းကျင်မှာ သတင်းမွှေးခဲ့သည်။ အသောက်အစား၊ အပျော်အပါးကင်းတဲ့ ဘညိုက မိသားစုအတွက် အိမ်ထောင်ဦးစီးပီသခဲ့သည်။ သူတို့ဘဝလေးထဲ သားလေး မောင်ချမ်းငြိမ်း ရောက်လာတော့ ဘညို ပို၍ အလုပ်ကိုကြိုးစားသည်။ ငွေလည်း ပိုစုလာခဲ့သည်။

"သားအတွက် ပိုကြိုးစားရမယ် မိန်းမရေ"

"ငါ့သားနောင်ရေးအတွက်ဟ"

အရာရာ သားအတွက်၊ သားအတွက်ဟူသောစိတ်ဆန္ဒက သားတော်မောင် တက္ကသိုလ်တက်တဲ့အထိ လောဘတွေကြီးခဲ့သည်။ သား နောက်ဆုံးနှစ်ဖြေခါနီးတွင် မိန်းမဖြစ်သူ ရုတ်တရက်ကွယ်လွန်သွားခဲ့တော့ သူ့ဘဝအတွက် တွယ်တာစရာ သားလေးမောင်ချမ်းငြိမ်းသာ ရှိတော့သည်။ သားတော်မောင်ကလည်း ကျောင်းလည်းပြီး မိန်းမပါခိုးလာခဲ့၍ အလုပ်လက်မဲ့သားအပြင် ချွေးမပါ ဘညိုတစ်ယောက်တင်ကျွေးထားရတော့သည်။

အပြုံးမပျက်ဘဲ သားနဲ့ချွေးမကို ကြည်ဖြူစွာ အိမ်မှာနေစေခဲ့သည်။ အထက်တန်းလွှာက မိန်းကလေးဖြစ်၍ အိမ်မှုကိစ္စဘာမှမလုပ်တတ်။ အချစ်ကိုကိုးကွယ်၍ သားတော်မောင်နောက် လိုက်လာခဲ့ပေမယ့် မပြည့်စုံမှုတွေများလာတော့ သားတို့




အိမ်ထောင်ရေးအဆင်မပြေမှုက ပိုများလာခဲ့သည်။

သားကလည်း အလုပ်မရသေးခင် ဘညိုနဲ့ တက်သလောက်ဝင်လုပ်ပေးရာသည်။ ကိုယ်ဝန်ရှိလာတော့ ကလေးကိုဖျက်ချမယ်ပြော၍ လင်မယားနှစ်ယောက် အကြီးအကျယ်ရန်ဖြစ်ကြသည်။ သားတို့လင်မယားကြား ဘညိုဝင်မပါခဲ့ပေ။ ပညာတတ်ဘွဲ့ရတွေမို့ သူတို့ကိစ္စ အကောင်းဆုံးဖြေရှင်းနိုင်မှာပါလို့တွေးရင်း ဘေးကသာနေခဲ့သည်။ မြေးမလေး ယမင်းငယ်မွေးပြီး ခြောက်လကျော်တော့ မိဘအိမ်ပြန်မယ်ပြောပြီးထွက်သွားတာ ရက်မှ လသို့ ထပ်လာတော့ သားတော်မောင် သွားခေါ်ရာ သူ့မိဘများက ပေးမတွေ့ခဲ့ပေ။ အကြောင်းစုံ သိရတာတော့ နိုင်ငံခြားထွက်သွားပြီကြားတော့ မိန်းမအတွက်နဲ့ အသဲကွဲလို့ ယစ်ထုပ်ကြီးဘဝ ရောက်သွားတော့သည်။ လူမမယ်ကလေးနဲ့ သားအရက်သမားနှစ်ယောက်ကြား ဘညို တော်တော်လေး ဒုက္ခပင်လယ်ဝေခဲ့သည်။ ဘညို ပြောဆိုဖျောင်းဖျ၍ အရက်ကို ဖြတ်ကာ အလုပ်ထဲစိတ်နှစ်လို့ တစ်နှစ်မပြည့်သေးဘူး။ ကံကြမ္မာဆိုးက ဝင်ရောက်လာခဲ့သည်။ ပန်းပုအော်ဒါပစ္စည်းတွေ သွားပို့တဲ့ သားတော်မောင်စီးတဲ့ကား ဘရိတ်ပေါက်၍ ချောက်ထဲကျကာ ခရီးသည်အားလုံး အသက်ရှင်ကျန်ရစ်သူမရှိခဲ့ပေ။ သားတော်မောင်လည်း လောကကြီးကို နှုတ်ဆက်ထွက်ခွာသွားခဲ့ရသည်။

မိဘမဲ့မြေးမလေးကို သနားစိတ် အချစ်ပိုကာ မြေးမလေးဟာ သူ့ရဲ့ဘဝဖြစ်လာခဲ့သည်။ တီတီတာတာပြောတတ်စမှသည် ခုတော့ ငါးတန်းကျောင်းသူကြီးတောင် ဖြစ်လို့နေပြီ။

(၃)

အနုပညာဗီဇ ဝါသနာကြီးတဲ့ မြေးမလေး။ ဆိုင်းသံ၊ ဗုံသံ၊ သင်္ကြန်ဒိုးသံ ကြားတာနဲ့ကွေးနေအောင် ကတတ်တဲ့ မြေးမလေး ယမင်းငယ်။ ကျောင်းကပွဲ၊ ရပ်ကွက်ကထိန်၊ သင်္ကြန်တွေမှာ မပါမဖြစ် ပွဲတိုင်းကျော်တဲ့ အကမင်းသမီးလေးဖြစ်ခဲ့သည်။

"ဘညိုမြေးမ အကကောင်းချက်အေ။ ကျောင်းကပွဲမှာ တစ်ပင်တိုင်ကသွားတာ ဆုချကြတာ မနည်းဘူး။"

"ဟုတ်ပ့ါ ရပ်ကွက်ကထိန်မှာလည်း ယမင်းငယ်လေး မပါမဖြစ်ပါနော်"

ရပ်ကွက်၊ ကျောင်းတွေမှာ သတင်းမွှေးလှတဲ့မြေးမလေးအတွက် ဘညို ကြည်နူးပီတိဖြစ်မိသည်။ အသက်ကြီးလာတာနဲ့အမျှ ဝါသနာပိုးက တားမရပြီမို့ မြေးမလေးဝါသနာကိုသူမြေတောင်မြှောက်ပေးခဲ့သည်။ သူ့အသိဇာတ်မင်းသမီးကြီးနားအပ်၍ ဇာတ်သဘင်ပညာကို လေ့လာဆည်းပူးစေကာ ဝမ်းစာပြည့်အောင် သင်ယူစေခဲ့သည်။ ယမင်းငယ် အသက် ၂၀ အရွယ်မှာတော့ ဇာတ်သဘင်လောကမှာ လျှမ်းလျှမ်းတောက်တဲ့ စူပါမင်းသမီးတစ်လက်ဖြစ်လာခဲ့သည်။ ဇာတ်ဖွဲ့တွေကလည်း သည်ရာသီမပြီးခင် နောက်ဇာတ်ပွဲရာသီတွေအတွက်ပါ ငွေနဲ့လိုက်၍ စာချုပ်ချုပ်ကြသည်။ အောင်မြင်မှုနဲ့အတူ အိမ်မှာနေဖို့ပင် အချိန်မရှိတော့ချေ။ ဘညိုပင်သူ့ရဲ့မြေးမလေးနဲ့ စကား ပြောရဖို့တောင် အချိန်မရှိတော့တာမို့ သတိရစိတ်ကလေးနဲ့သာ ဖြေသိမ့်ရတော့သည်။ ခုတောင် ဘညိုရဲ့အသက် ၇၀ နီးပြီမို့ အရင်လို တက်ကြွမှုတွေ ပျောက်ဆုံးကုန်သည်။ မြေးမလေးက လိုလေသေးမရှိအောင် ထားပေးပေမယ့် အထီးကျန်လှတဲ့ သူ့ဝေဒနာက ပျော်ရွှင်မှုကို မပေးနိုင်ခဲ့ပေ။

(၄)

"အဘိုး မြေး ပွဲဆက်တွေ များနေတာ။ ငွေလိုရင် ပြောနော်။ သမီး ဘညိုသုံးဖို့ ဗီရိုထဲထားခဲ့တယ်။ မမြကိုလည်း သေချာမှာထားတယ်။ အဘိုးကို ဂရုစိုက်ဖို့"

မြေးရဲ့စကားကို အပြုံးနဲ့သာ တုံ့ပြန်ရပေမယ့် ရင်ထဲမှာတော့ မွန်းကျပ်နေမိသည်။ အိမ်မှာ အေးအေးလေးတောင် မနေနိုင်တဲ့မြေးမလေးကို ကြည့်၍နားပါဦးလားလို့ ပါးစပ်က ပြောမထွက်ခဲ့ပေ။

"ဒီတစ်ခေါက်က နှစ်လလောက်တောင်ကြာမှာ အဘိုးရေ။ အောက်ပြည်ဘုရားပွဲတွေက ဆက်တိုက်ဆိုတော့ ကားပေါ်မှာပဲ နားရမယ်။ ပန်းပုတွေလည်း ထုမနေနဲ့တော့နော်အဘိုး။ နားနားနေနေ နေ။ လိုတာ မမြကို ပြောနော်"

လိုအပ်တာတွေယူပြီး အိမ်မှာတောင် ခဏလေးမနေနိုင်သည့် မြေးမကို စိတ်မသက်သာစွာကြည့်ရင်း ဘညို သက်ပြင်းချကာ ကျန်ရစ်ခဲ့သည်။ မိုးတွင်းကာလ ပွဲနားချိန်တောင် ရိုက်ကူးရေး။ ရုံသွင်းဇာတ်တွေနဲ့ မနားရတဲ့မြေးမ။ ခုလိုပွင့်လင်းရာသီပွဲရာသီရောက်ရင်ဖြင့် ပိုဆိုးလို့နေပါလိမ့်မည်။ ပန်းပုမထုရတာ ကြာပြီဖြစ်တဲ့ အသမာတက်နေတဲ့လက်တွေကို ကြည့်ပြီး ဘညိုပြုံးမိသည်။ ပိတ်ထားတာကြာပြီဖြစ်တဲ့ ပန်းပုအခန်းလေးထဲဝင်ရင်း စိတ်ဖြေဖျောက်နိုင်ဖို့ ပန်းပုထုမယ့်ပစ္စည်းလေးတွေ ရှာလိုက်သည်။ ထုဆစ်စရာပစ္စည်းလေးလက်ထဲရောက်မှ ဘညိုရဲ့ အသွေးအသားထဲမှာ အင်အားတွေနဲ့ပြည့်နှက်လို့လာသည်။

(၅)

မြေးမလေး ယမင်းငယ်ရဲ့ ဇေဒါရောင်မင်းသမီးဝတ်စုံလေးနဲ့ကနေတဲ့ ကြော်ငြာဗီနိုင်းလေးက အသက်ဝင်လှသည်။ အပြင်မှာ လာကပြနေသလို ခံစားရသည်။ လက်တွေက အငြိမ်မနေတော့ပေ။ လှပတဲ့ပန်းပုရုပ်ကလေးဖြစ်ဖို့ ကိုယ်တိုင်အလှဆုံးထွင်းထုနေပြီဖြစ်သည်။

ဘညို ပန်းပုထုရင်း ပြုံးနေပေမယ့် ရင်ထဲမှာတော့ ငိုနေမိသည်။ မြေးမလေး လမ်းလျှောက်တတ်ခါစမှစ၍ ကျောင်းနေအရွယ်။ကျောင်းလိုက်ပို့ပုံ။ ဘယ်သွားသွား မိမိပခုံးပေါ်ထမ်းရင်း ခေါ်သွားပုံ။ ထမင်းခွံ့ကျွေးပုံ။ မြေးမလေးနဲ့ အတူတူနေခဲ့ရတဲ့ပုံရိပ်တွေက ရုပ်ရှင်ပိတ်ကားလို တစ်ခန်းပြီးတစ်ခန်း ပေါ်လာတော့ ဘညို ဟန်ဆောင်မှုကင်းစွာ အခန်းထဲမှာ ငိုရှိုက်နေမိတော့သည်။

မျက်ရည်တွေကို သုတ်လိုက်ရင်း ပန်းပုရုပ်လေးကို အချိန်မီပြီးနိုင်ဖို့ ဘညို ကြိုးစားထုဆစ်တော့သည်။ ရည်ရွယ်ချက်လေးနဲ့ထုဆစ်နေတာမို့ အရွယ်နဲ့မလိုက် တက်ကြွနေမိသည်။ ထမင်းစားချိန် ခဏသာ အပြင်ထွက်သည်။ ကျန်တဲ့အချိန် အခန်းလေးထဲမှာသာ အချိန်ကုန်နေတော့သည်။

(၆)

ရုပ်လုံးကြွလာပြီဖြစ်တဲ့ အရုပ်ကလေးကိုကြည့်၍ ဘညို ကျေနပ်နေမိသည်။ အချောကိုင်ကာ ပေါလစ်နဲ့ အရောင်တင်ရင်း ဆန္ဒတစ်ခုအကောင်အထည်ဖော်နိုင်ပြီမို့ ဝမ်းသာနေမိသည်။ အားလုံးပြီးပြီမို့ စိတ်ချမ်းသာစွာနဲ့ အခန်းအပြင်သို့ ထွက်လာခဲ့သည်။ လှေကားထိပ်အရောက် ခေါင်းက မိုက်ခနဲဖြစ်ကာ ဘညို တစ်ယောက် ခွေကျသွားတော့သည်။ ဘညို ဆေးရုံတင်ထားရတယ် ပြော၍ ယမင်း အလုပ်တွေကို ခဏဖြတ်ခဲ့ကာ ဆေးရုံသို့ အပြေးလာခဲ့တော့သည်။

"ဒေါက်တာ အဘိုးအခြေအနေ။ အခြေအနေ ဘယ်လိုရှိလဲရှင်"

"အသက်အန္တရာယ်က စိုးရိမ်စရာ မရှိပါဘူးဗျာ။ ဒါပေမဲ့ စိတ်ဖိစီးမှုရယ်။ လဲကျလို့ ထိမိတဲ့ဒဏ်တွေကြောင့် အဘိုးဘညိုရဲ့ မှတ်ဉာဏ်တွေကတော့ အရင်လိုပြန်ကောင်းဖို့တော့ တော်တော်ကြိုးစားယူရမယ်"

"ဖြစ်မှဖြစ်ရလေ အဘိုးရယ် အီးဟီး ဟီး"

ယမင်းငယ်တစ်ယောက် အဘိုးကိုကြည့်ပြီး ရင်ထုမနာငိုကြွေးနေမိသည်။

(၇)

အဘိုး ဆေးရုံက ဆင်းလာတော့ ယမင်းငယ် ဇာတ်မကဖြစ်ဘဲ အဘိုးကိုသာ ဂရုတစိုက်ပြုစုပေးသည်။ ဇာတ်ပိုင်ရှင်ကလည်း ခွင့်ပြု၍ အတော်အတန်ကြာနားမယ်လို့ ဆုံးဖြတ်လိုက်သည်။ ယမင်းကိုတောင် မမှတ်မိနိုင်တဲ့ အဘိုးကိုကြည့်ပြီး ဝမ်းနည်းကြေကွဲရသည်။

ဆေးသောက်ပြီး အဘိုးအိပ်နေချိန် အိမ်သန့်ရှင်းရေးလုပ်မိသည်။ အဘိုးရဲ့ သီးသန့်ခန်းလေးဖြစ်တဲ့ ပန်းပုထုတဲ့ အလုပ်ခန်းလေးထဲ သန့်ရှင်းရေးလုပ်ဖို့ ဝင်သွားရာ ဇာတ်အဖွဲ့ကြော်ငြာဗီနိုင်းလေး အရှေ့မှာ ယမင်းပုံတူ ကနေတဲ့ပန်းပုရုပ်ကလေးကိုတွေ့ရတော့ ယမင်းအံ့သြသွားသည်။ ဝမ်းသာကြည်နူးစွာနဲ့ ပန်းပုရုပ်လေးနား အရောက် ကနေတဲ့လက်ကလေးကြားမှာ ညှပ်ထားတဲ့ စာရွက်ကလေးကိုတွေ့လို ယူဖတ်မိလိုက်တဲ့ခဏ ယမင်းရဲ့ မျက်လုံးအိမ်မှ မျက်ရည်တွေ အတားအဆီးမဲ့ကျလာတော့သည်။

"မြေးမလေး ယမင်းရေ အဘိုးနဲ့ မြေးမလေးက စကားပြောရဖို့အချိန်က ရှားလိုက်တာကွယ်။ မြေးလေး အလုပ်ကြိုးစားနေတာမို့ အဘိုး ဘာမှမပြောချင်ပေမယ့် အဘိုးတစ်ယောက်တည်း ဒီအသက်အရွယ်မှာ အရမ်းအထီးကျန်တယ် မြေးရယ်။ စကားပြောဖော် မရှိတဲ့ဘဝက ဘယ်လောက်ပဲပြည့်စုံနေပါစေ။ အထီးကျန်နေရတဲ့ဝေဒနာက နာကျင်လွန်းတယ်ကွယ်။ တစ်လမှာ လေး၊ ငါးရက်လောက် နေပေးမယ်၊ စကားပြောပေးမယ်ဆို အဘိုးကျေနပ်မိမှာပါ။ ဒီလို စကားလေးပြောဖို့ အဘိုး မဝံ့ရဲပါဘူးကွယ်။

မေလ ၂၃ ရက်နေ့က မြေးလေးရဲ့ အသက်၂၄ နှစ်ပြည့်မွေးနေ့မို့ လက်ဆောင်လေးပေးရအောင် မြေးလေးပုံတူကို အဘိုး ပန်းပုရုပ်လေးထုထားတယ်ကွယ်။ ဒီလိုလုပ်ထားတဲ့အကြောင်းကို ဘယ်သူ့ကိုပြောခိုင်းရမှန်း အဘိုးမသိပါဘူး။ အမှာလေး ပါးဖို့အတွက် အင်အားမရှိလှတဲ့ အဘိုးရဲ့ဘဝကို ရင်နာတယ်ကွယ်။ မြေးလေးရောက်လာတဲ့အချိန် သည်အရုပ်လေး မြင်ပါစေလို့ ဆုတောင်းနေရုံကလွဲပြီး မရှိပါဘူး။ နားနားနေနေနဲ့ အဘိုးနဲ့ အချိန်ခဏလေးတော့ နေပေးပြီး အဘိုးရဲ့ နောက်ဆုံးလက်ကျန် နေ့ရက်တွေကို ကုန်ဆုံးချင်တယ်ကွယ်။ ဒါပေမဲ့ အဘိုး ပြောမထွက်ပါဘူး မြေးရယ်"

သနားစရာကောင်းလှတဲ့ အဘိုးရဲ့ အဖြစ်ကိုကြည့်ပြီး ယမင်းငယ် ရင်ကွဲမတတ် ခံစားရသည်။ အဘိုးကို လျစ်လျူရှုထားပြီး အလုပ်မှာသာ စိတ်နှစ်ခဲ့တာ နှစ်အတော်ကြာပြီဖြစ်သည်။

အဘိုး ဘယ်လောက်များ အထီးကျန်နေလိမ့်မလဲ။

မိဘတွေ မရှိတော့ကတည်းက ကျွေးမွေးပြုစုပျိုးထောင်ခဲ့တဲ့ အဘိုးရဲ့ကျေးဇူးတွေက ယမင်းအပေါ်မှာ အများကြီးဖြစ်သည်။ ဆပ်လို့မကုန်နိုင်။ ငွေကြေးထောက်ပံ့ရုံနဲ့ တာဝန်ကျေပြီလို့ ထင်ပေမယ့် သက်ကြီးသမားတွေရဲ့ အထီးကျန်ဝေဒနာကို ယမင်းနားမလည်ခဲ့ပေ။ အဘိုးနေပြန်ကောင်းလာတဲ့အထိ။ မှတ်ဉာဏ်တွေ ပြန်ကောင်းလာရင်လည်း ကျန်ရှိနေတဲ့ အဘိုးရဲ့နေ့ရက်တွေမှာ ခုလို အထီးကျန်ဝေဒနာမခံစားစေဖို့ ယမင်းအနီးကပ်ပြုစုသွားမယ်လို့ ဆုံးဖြတ်လိုက်မိသည်။ ဇာတ်အဖွဲ့ကိုလည်း အကျိုးအကြောင်းပြောပြပြီး နားလိုက်တော့မည်။ ဝါသနာတစ်ခုဖြစ်တဲ့ စက်ချုပ်ပညာလေးနဲ့ပဲ အိမ်မှာ အပ်ထည်တွေ ချုပ်မယ်လို့ ဆုံးဖြတ်ရင်း စိတ်ထဲပေ့ါပါးသွားတော့သည်။

မနက်ဖြန် ယမင်းရဲ့ အသက် ၂၄ နှစ်ပြည့်မို့ အဘိုးထုပေးထားတဲ့ ယမင်းပုံတူပန်းပုရုပ်ကလေးကိုပွေ့ဖက်ရင်း စိတ်ထဲက အဘိုးကိုကျေးဇူးတင်ကြောင်း တဖွဖွပြောနေမိတော့သည်။

"စိတ်ချပါ အဘိုးရေ။ အဘိုးရဲ့အထီးကျန်မှုကို သိဖို့အတွက် အမှာပါးစရာလူမရှိလည်း စိတ်မပျက်ပါနဲ့နော်။ ဝမ်းမနည်းပါနဲ့တော့။ ယမင်းကသိသွားပြီမို့ အဘိုး ကျေနပ်နိုင်ပါစေ။"

ဆောင်းပါး

# ဗလငါးတန်ဖွံ့ဖြိုးဖို့ စာကြည့်တိုက်သို့ သွားကြစို့

■ မင်းသုတ(တပ်ကုန်း)

လူသားမျိုးနွယ်အဖြစ် ပေါက်ဖွားလာသည်နှင့် တစ်ဦးတစ်ယောက်တည်းနေ၍ မရပေ။ လူ့ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်း၊ အသင်းအဖွဲ့နှင့်ပင် နေရမည်သာ။ အိမ်တစ်အိမ်၊ မိသားစုတစ်စုမှသည် အိမ်နီးချင်းများနှင့် ထိတွေ့ဆက်ဆံလာရပေသည်။ ထိုမှတစ်ဆင့် ရွာချင်း၊ မြို့ချင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအချင်းအချင်း ကူးလူးဆက်သွယ်သွားလာနေထိုင်ကြရပေသည်။ ထို့နည်းတူစွာ နိုင်ငံတစ်နိုင်ငံဖြစ်တည်လာလျှင် ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံများနှင့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံတကာဆက်ဆံရေးစသဖြင့် ကဏ္ဍအသီးသီး ပူးပေါင်းဆောင်ရွက်လာကြသည်။ ကမ္ဘာကြီးသည် ရွာတစ်ရွာပင်ဖြစ်လာခဲ့သည်။ ထိုရွာကြီး၌ မှီတင်နေထိုင်ကြကုန်သော လူသားတိုင်းသည်လည်း ဗလငါးတန်တည်းဟူသော ကာယဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဉာဏဗလများသည်က မရှိမဖြစ် ပြည့်စုံကြရန် လိုအပ်လှပေသည်။

"အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဆိုသည့်အတိုင်း ကျန်းမာသန်စွမ်းသော လူတစ်ယောက်ဖြစ်ရန် အရေးကြီးလှပါသည်။ ကျန်းမာရန် ကိုယ်ကာယလေ့ကျင့်ခန်းများ နေ့စဉ်ပုံမှန်ဆောင်ရွက်သင့်ပါသည်။ ဆောင်းရာသီ အေးစိမ့်သော ဒီဇင်ဘာလတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲများကျင်းပလျက်ရှိကြပေသည်။ ထိုလတွင်သာ ပြုလုပ်ခြင်းမျိုးမဟုတ်ဘဲ နှစ်စဉ်၊ လစဉ်၊ နေ့စဉ် ပြုလုပ်သင့်ပါသည်။ နံနက်စောစော အိပ်ယာထ အပြေးတက်ခြင်း၊ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ အိမ်တွင်းကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်သင့်ပါသည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုကောင်းသည်ဆိုသည့် စကားအတိုင်း မဖြစ်ခင်က ကြိုတင်ကာကွယ်သင့်ပေသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ထုတ်ဝေသည့် "ဗုဒ္ဓဘာသာကောင်း တစ်ယောက်" စာအုပ်တွင် ဆရာတော်ဦးဗုဇ်က "သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင်အနန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း"ဟု စည်းစိမ်ပျက်ရခြင်းအကြောင်း ခြောက်ပါးကို ရေးသားထားသည်။ ၎င်းစာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း အိမ်တိုင်း၊ မိသားစုတိုင်း၌ ရှိသင့်သည့် စာအုပ်တစ်အုပ်ပင်ဖြစ်ပါသည်။ ငွေကြေးပစ္စည်းဥစ္စာဆိုရာ၌ ရွှေငွေရတနာ တွင်းထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံ၊ လယ်ယာစပါးစသည့် ပစ္စည်းဥစ္စာများပင်မဟုတ်ပါလော။ မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ရပေမည်။ အလုပ်လုပ်မှ ငွေရမည်။ အလုပ်လုပ်မှ ကောက်ပဲသီးနှံများ၊ ဆန်၊ ရေ၊ စပါး ပေါကြွယ်ဝမည်။ အခြေခံလူတန်းစားများဖြစ်သည့် အလုပ်သမားများ၊ ဆိုက်ကားသမားများ၊ ဆိုင်ကယ်ကယ်ရီများ၊ တက္ကစီများသည်ပင် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် နေ့စဉ်ကြိုးစားရုန်းကန်နေရသည်။ နိုင်ငံ့ဝန်ထမ်း ကျောင်းဆရာ ဆရာမများ၊ အမှုထမ်းအရာထမ်းများ၊ လုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များသည်ပင် ကိုယ့်တာဝန်ကိုယ်ထမ်း ကျေပွန်စွာထမ်းဆောင်နေကြရသည်။ မိမိ၏ စားဝတ်နေရေးအဆင်ပြေအောင် နိုင်ရာဝန်ကို ထမ်း အလုပ်လုပ်နေကြရသည်သာ။

လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့် ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင်ရှားပါးမှုပြဿနာများ၊ ခိုးဆိုးလုနှိုက်များ ပပျောက်လာမည်။ ထိုမှတစ်ဆင့် နိုင်ငံအတွင်းရှိ လူတစ်ဦးချင်းသည်လည်း အကျင့်စာရိတ္တကောင်းမွန်သူများ ဖြစ်လာပေမည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ အများဆုံးနေထိုင်ကြသည်။ "ထီးနဲ့ ဖိနပ်မပါ နွေအခါမှသိ၊ ဒါနနဲ့ သီလမပါ သေခါမှ သိမည်"ဆိုသည့်အတိုင်း သီလတောင့်မှ ဝမ်းတောင့်နိုင်ပေမည်။

"လူမှာအဝတ်၊ တောင်းမှာအကွပ်"ဆိုသလို တောင်းမှာ အကွပ်မပါက ပျက်စီးမှုမြန်သည်။ လူမှာ သီလနှင့်တူသော အကျင့်စာရိတ္တ အဝတ်မပါက ပတ်ဝန်းကျင်၌ မသင့်တော်ပေ။ ထို့ကြောင့် စီးပွားရေးလုပ်သည့်အခါ သီလမဂ္ဂင်သုံးပါးဖြစ်သည့် သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝ မှန်ကန်သောစကားကို ပြောဆိုခြင်း၊ လိမ်လည်မပြောဆိုခြင်း၊ ကောင်းစွာ အလုပ်လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် ကောင်းစွာ အသက်မွေးဝမ်းကျောင်းခြင်းတို့သည် အလွန်အရေးကြီးလှသည်။

"အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ" အကုသိုလ်ကင်းသောအလုပ်ကို လုပ်ခြင်းသည် မြတ်သောမင်္ဂလာဖြစ်၏လို့ ဘုရားဟောကြားခဲ့လေသည်။ အကျင့်စာရိတ္တသည် မရှိမဖြစ်လိုအပ်သည်။ စာရိတ္တညံ့ဖျင်းသူအား ပတ်ဝန်းကျင်တွင် မည်သူမျှ အပေါင်းအသင်း မလုပ်ချင်ကြပေ။ သူတစ်ပါးအသက်အား သတ်ဖြတ်သူ၊ သူတစ်ပါးပစ္စည်း ခိုးယူသူ၊ သူတစ်ပါးသားမယားအား ဖျက်ဆီးသူ၊ လိမ်လည်ပြောဆိုသူ၊ နောက်ကွယ်၌ သူတစ်ပါးအကြောင်း ကဲ့ရဲ့သူ၊ အပြစ်တင်တတ်သူနှင့် အရက်သေစာသောက်စားမူးယစ်သူတို့သည်ကား မကြာမီ ပျက်စီးခြင်းသို့ ရောက်ရလေသည်။ ပတ်ဝန်းကျင်မှ ရှောင်ကြဉ်ခြင်းခံရသောသူသာ ဖြစ်သွားတတ်သည်။ မိမိအား ကူညီရိုင်းပင်းတတ်သူများပင် စွန့်ခွာသွားတတ်ကြသည်။ လူကြီးသူမများနှင့် မိတ်ကောင်းဆွေကောင်းများ၏ ကူညီစောင့်ရှောက်မှုများနှင့်လည်း ကွေကွင်းသွားရတတ်သည်။ ကြီးပွားတိုးတက်မှုတို့သည်လည်း ဆုတ်ယုတ်ရပေလိမ့်မည်။

ကျောင်းတက်ပညာသင်ကြားချိန်အရွယ်မှစ၍ အပေါင်းအသင်းသည် အရေးကြီးလှသည်။ ဆိုးသော၊ မိုက်သော၊ ရမ်းကားသော၊ နှုတ်ကြမ်းသောသူတို့သည် အပေါင်းအသင်းရှားကြသည်။ လူမိုက်တစ်ယောက်၏လျှာသည် သူ၏အကြံဉာဏ်များ၊ ထင်မြင်ချက်များကိုပြောဖို့အတွက် အဓိကအရာဖြစ်သည်။ ပညာရှိတစ်ယောက်၏လျှာသည် သူ၏တတ်သိလိမ္မာမှုများအား သိမ်းဆည်းထားသည့်အရာဖြစ်သည်။ ဂရိအတွေးအခေါ်ပညာရှင် ဆိုကရေးတီးက ပြောခဲ့သည်ကို ဖတ်ဖူးခဲ့ပါသည်။ ဦးနု၏ ဘာသာပြန်စာအုပ်ဖြစ်သည့် "မိတ္တဗလဋီကာ"ကို ဖတ်ခဲ့ဖူးပါသည်။ ၎င်းစာအုပ်တွင် လူအများပေါ်တွင် ဩဇာညောင်းရန်နှင့် မိတ်ဆွေပေါများရန် နည်းနိဿယများ ပါဝင်သည်။

ကျွန်တော်၏အဖေသည် စာအုပ်များ စုဆောင်းပြီး စာအုပ်စင်ကလေးနှင့် စီစီရီရီထားသည်။ အားလပ်ချိန်များတွင် ကျွန်တော့်အား သုတရသစာအုပ်များ၊ ပုံပြင်စာအုပ်များ ဖတ်ခိုင်းခဲ့ပါသည်။ ဖတ်ပြီးလျှင် မှတ်စုစာအုပ်တွင် မှတ်ခိုင်းသည်။ ပြန်လည်ဆွေးနွေးသည်။ တချို့အကြောင်းအရာတွေ ယနေ့ထိ မှတ်မိနေသေးသည်။ ၎င်းမှတ်စု စာအုပ်လေးက ကျွန်တော့်အတွက် ဗဟုသုတဟင်းပေါင်းအိုးကြီး တစ်ခုပင်ဖြစ်လာခဲ့ပါသည်။ ဟောင်းနွမ်းပျက်စီးနေသော စိတ်ထားများကို အမြစ်ကပါ သုတ်သင်၍ အကြံကောင်း၊ အစည်ကောင်း၊ နည်းလမ်းကောင်းများကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ မိတ်ကောင်း ဆွေကောင်းပေါများအောင် ပြုပြင်ပေးခဲ့ပါသည်။ လူချစ်လူခင်များအောင်လည်း လုပ်ပေးခဲ့ပါသည်။

"တာဝန်မသိ၊ သစ္စာမရှိ၊ ဖိတ်ခေါ်မလာ၊ ဘေးမှ ပြစ်ပြော၊ စိတ်ထားမမှန်၊ ဤငါးတန် မှတ်ရန် အဖွဲ့အစည်း ပျက်စီးအကြောင်းတည်း"ဆိုသည့်အတိုင်း မိတ်ဆွေအပေါင်းအသင်းများ၊ အဖွဲ့အစည်းများ ပျက်ရပေမည်။ ယနေ့လူ့အဖွဲ့အစည်းအမျိုးမျိုး၌ လုပ်ကိုင်နေကြသောသူများကို အားကျမိပါသည်။ ငယ်ငယ်တုန်းက သင်ခဲ့ရသည့် ကျီးနှင့် ဘုတ်ကဲ့သို့ ကြီးသူကို ရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူကို သနားငဲ့ညှာ စောင့်ရှောက်ရမည်။ ထိုမှသာ ဆွေမျိုးမိတ်သင်္ဂဟများ တိုးပွားလာမည်မဟုတ်ပါလား။ မိတ်ဆွေအပေါင်းအသင်းများလာသည်နှင့်အမျှ မိမိဒုက္ခရောက်ချိန်၊ အကူအညီလိုအပ်နေချိန်များ၌ ဖေးမကူညီစောင့်ရှောက်မှုများ ရရှိတတ်ပေသည်။ သင်သာ ပန်းလေးတစ်ပွင့်ဖြစ်အောင်ကြိုးစားပါ။ သင်ကိုယ်တိုင် ပန်းကောင်းတစ်ပွင့်ဖြစ်လာလျှင် ပျား၊ ပိတုန်းနှင့် လိပ်ပြာလေးတွေ ရစ်ဝဲနေမည်သာ။ ထို့ကြောင့် စာရိတ္တကောင်းမွန်သောသူဖြစ်အောင် ကြိုးစားပြုကျင့်နေထိုင်ပါ။ သို့မှသာ သင်နှင့် လူတိုင်းက ပေါင်းသင်းနေထိုင်ပါလိမ့်မည်။

ပါချုပ်ဆရာတော် အရှင်နန္ဒမာလာဘိဝံသက "သီလနည်းလျှင် နီးရာလူနှင့် ရန်ဖြစ်တတ်သည်၊ သမာဓိနည်းလျှင် မိမိကိုယ်နှင့် ရန်ဖြစ်တတ်သည်၊ ပညာနည်းလျှင် တစ်လောကလုံးနှင့် ရန်ဖြစ်တတ်သည်"ဟုပင် မိန့်ခဲ့ဖူးသည်။ အကျင့်သီလကောင်းအောင် မိတ်ဆွေအပေါင်းအသင်းများအောင် လူချစ်လူခင်များအောင် ပညာကို ကြိုးစားသင်ယူသင့်ပါသည်။

ထို့ကြောင့် ၂၁ ရာစု ဗလငါးတန်ဖြစ်သော ကိုယ်ခန္ဓာကြံ့ခိုင်ကျန်းမာမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အရည်အသွေး(PQ—Physical Quotient)၊ မတူကွဲပြားသည့် ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းများကို နားလည်လက်ခံနိုင်သည့် အရည်အသွေး(CQ—Culture Quotient)၊ ဘဝရှင်သန်နေထိုင်ခြင်း၏ ရည်ရွယ်ချက်ကို သိရှိလိုက်နာနိုင်သည့် အရည်အသွေး(SQ—Spiritual Quotient)၊ စိတ်နှလုံးခံစားမှုအရည်အသွေး(EQ—Emotional Quotient)နှင့် ဉာဏ်ရည်ဉာဏ်သွေး(IQ—Intelligence Quotient)များ ပြည့်စုံရန် လိုအပ်လှပေသည်။ ထိုဉာဏ်ရည်ဉာဏ်သွေးများကို စာကြည့်တိုက်များတွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။ စာအုပ်စာစောင်များတွင် ရှိပါသည်။ စာပေစာကောင်း စာအုပ်များ ရွေးချယ်ဖတ်ရှုတတ်ရန်လည်း အရေးကြီးလှပါသည်။ အဆိပ်သင့်စာပေများကို ရှောင်ရှားသင့်ပါသည်။ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သောစာပေသည် သုတစာပေဖြစ်ပြီး နှလုံးသားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောစာပေမှာ ရသစာပေဖြစ်ပါသည်။

သုတရသစာအုပ်ကောင်းများစွာ ရှိကြပါသည်။ ဆရာကြီးပီမိုးနင်း၏ "စိတ်ပညာ"စာအုပ်ကောင်းများသည်လည်း ကျွန်တော့်အတွက် ပြုပြင်စရာများစွာ တွေ့ရှိခဲ့ရပါသည်။ အားလပ်ချိန်တိုင်း ကိုင်ခဲ့သည့် ဖုန်းလေး၏နေရာတွင် စာအုပ်များဖြင့် အစားထိုးနိုင်ခဲ့ပါသည်။ အဖေ့စာအုပ်စင်လေးက ကျွန်တော့်အတွက် အကောင်းဆုံးအဖော်မွန် မိတ်ဆွေကောင်းတစ်ဦးဖြစ်ခဲ့ပါသည်။ ငယ်ငယ်က ရိုသေရကောင်းမှန်းမသိဘဲ ဆုတ်ဖြဲခဲ့ဖူးသည့် စာအုပ်များကို ကျွန်တော် ချစ်တတ်ခဲ့ပါသည်။ စာဖတ်ခြင်းဖြင့် ဗဟုသုတများစွာ ရရှိခဲ့ပါသည်။ စိတ်ဖိစီးမှုများ လျော့ကျခဲ့ပါသည်။ မှတ်ဉာဏ်များ တိုးပွားလာခဲ့ပါသည်။ ကျန်းမာရေး ဗဟုသုတများစွာ ရရှိခဲ့ပါသည်။ ဘဝနေထိုင်နည်းများကို သိရှိလာခဲ့ပါသည်။ နာကျင်မှု၊ စိတ်ဓာတ်ကျမှု၊ အားငယ်မှုများကို ကုစားပေးနိုင်ခဲ့ပါသည်။ စိတ်ကောင်းစေတနာကောင်းများဖြင့် ကိုယ်ချင်းစာနာတတ်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော့် သူငယ်ချင်းတွေကိုလည်း အမှာစကားလေးပြောလိုက်ချင်ပါသည်။ "ဗလငါးတန်ဖွံ့ဖြိုးဖို့ စာကြည့်တိုက်သို့ သွားကြစို့။"

❖

## ပရစိတ်ဖြူ မွေးရန့်ကြူ

○ မေတ္တာတံခါး
ဖွင့်ထားစို့ တို့သူငှာ။
သောကတွေ ကင်းစင်ဝေး
ငြိမ်းအေးဖို့ရာ။
○ သန့်ရှင်းတဲ့ စေတနာ
ရင်ထဲမှာ လွှမ်းခြုံထား။
ဒုက္ခကို ခွဲဝေကြ
ပီသလူသား။
○ စုပေါင်းကာ အများအားနှင့်
ကြိုးစားပြီး ဆောင်ရွက်နေ။
နိုင်ရာဝန် ကူညီထမ်း
အပြုံးပန်းဝေ။
○ လှူရလို့ ကျေနပ်ပေ
ပီတိတွေ ပြည့်လျှံဖြိုး။
အကြင်နာ မေတ္တာစစ်မို့
အချစ်တွေတိုး။
○ ဒါနသည် မြတ်ရွှေအိုးမို့
သဒ္ဓါမိုး သွန်းဖြိုးလျှင်။
အပူတွေ ကင်းစင်ပ
ချမ်းမြဘဝင်။
○ လူသားချင်း ဖေးမကြင်
အမြဲပင် ကူညီလို့။
ပရစိတ်တွေ ရင်ဝယ်လွှမ်း
ပေးကမ်းကြစို့။ ။

ခင်နွဲ့မူ(ပုလဲ)

## လက်တွဲညီညာ ကူညီပါ

○ လက်တွဲကာ အတူဖြေရှင်း
ဆင်းရဲခြင်း ကင်းကွာမည်။
ချစ်မိတ်ဆွေ စိတ်နှလုံး
ရွှင်ပြုံးဂုဏ်ရည်။
○ ပရဟိတ အလုပ်သည်
မွန်မြတ်အညီ ကုသိုလ်မို့။
ကိုယ်နိုင်ရာ အကျိုးထမ်း
လျှောက်လှမ်းပါစို့။
○ ခက်ခဲလျှင် လွယ်စေရေး
ကူညီပေး ဆောင်ရွက်မယ်။
စာနာကာ လူသားချင်း
ချစ်ခြင်းတွေဖလှယ်။
○ ဖြူစင်သော စိတ်ထားရယ်
ရှေ့တန်းရွယ် အကျိုးပြု။
တို့ပြည်သူ မေတ္တာလွှမ်း
အေးချမ်းသာစု။
○ ဘေးအန္တရာယ် အတူလက်တွဲ
ဖြေရှင်းနှဲ့ တာဝန်တွေ။
မွန်မြတ်စွာ အလှူပေး
ယဉ်ကျေးမှုပေ။
○ သန့်ရှင်းသော မေတ္တာရေ
ဖျန်းပက်လေ တစ်ပြည်လုံး။
မုဒိတာ ကြင်နာလက်နဲ့
ပေါင်းဖက်ရွှင်ပြုံး။ ။

မောင်မျိုးချစ်(အညာမြေ)

# အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILOဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILOတို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU)ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာန အပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင် ရွက်ပေးလျက်ရှိရာ မည်သူမဆိုအဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိ ရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင်(သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဒေသဝမ်းစာဖူလုံရေး မွေးမြူရေးဇုန်များ ကြည့်ရှုအားပေး

**ဘားအံ အောက်တိုဘာ ၅**

ပြည်နယ်အတွင်း သာယာဝပြောရေးနှင့် ဒေသဝမ်းစာဖူလုံရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မိဇံ(ဝက်/ဆိတ်)မွေးမြူရေးဇုန်နှင့် ဘားအံ(စံဖရိုး)မွေးမြူရေးဇုန်တို့ကို သွားရောက်ကြည့်ရှုအားပေးကြသည်။

**စွမ်းအားပြည့်မွေးမြူထုတ်လုပ်**

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် မိဇံမွေးမြူရေးဇုန်နှင့် ဘားအံ(စံဖရိုး)မွေးမြူရေးဇုန် ကော်မတီဝင်များ၊ မွေးမြူရေးတောင်သူများနှင့် သီးခြားစီတွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကောင်းမွန်သော မွေးမြူရေးနည်းစနစ်၊ ကျင့်စဉ်များကို တိကျသေချာစွာလိုက်နာ၍ မျိုးကောင်းမျိုးသန့်၊ ပြည့်ဝသော အစာအာဟာရများကို ကျွေးမွေးကာ စွမ်းအားပြည့်မွေးမြူထုတ်လုပ်ကြစေလိုကြောင်း ပြောကြားသည်။



**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် မွေးမြူရေးတောင်သူများက မွေးမြူထုတ်လုပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဘားအံမြို့နယ် မိဇံမွေးမြူရေးဇုန်ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ပြီး ယခုအခါ ဝက် ၁၈၈၈ ကောင်၊ ဆိတ် အကောင် ၉၄၀ မွေးမြူထားရှိကာ ၂၀၂၄ ခုနှစ် ဧပြီလမှ ယခုထိ ဝက်သား ၅၅၄၇၅ ပိဿာ၊ ဆိတ်သား ၁၉၃၁ ပိဿာကျော်ကို မွေးမြူထုတ်လုပ်ခဲ့ပြီး ဖြစ်သည်။ ဘားအံ(စံဖရိုး)မွေးမြူရေးဇုန်ကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် စတင်ဖွင့်လှစ်ပြီး ယခုအခါ နွား ၂၇၁ ကောင်၊ ဆိတ် ၁၉၆၉ ကောင်၊ ဥစားကြက် အကောင် ၆၂၀၀၊ ဒေသကြက် အကောင် ၂၅၇၀၊ သိုး အကောင် ၁၁၀ တို့ကို မွေးမြူထားရှိကာ ၂၀၂၄ ခုနှစ်အတွင်း အမဲသား ပိဿာ ၂၇၀၊ ဆိတ်သား၁၅၅၈ ပိဿာ၊ ကြက်သား ၁၁၄၂၇ ပိဿာ၊ သိုးသား ၇၃၂ ပိဿာ၊ ကြက်ဥ အလုံး၂၅၃၄၂၁၀၊ နွားနို့၃၂၈၅ ပိဿာတို့ကို ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဝမ်းတွင်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**ဝမ်းတွင်း အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို ရပ်ကွက်/ ကျေးရွာများအတွင်း အောက်တိုဘာ ၁ ရက်မှ စတင်ကာ သန်းခေါင်စာရင်းကောက်အဖွဲ့များက ကွင်းဆင်းကောက်ယူလျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်း၊ အတွင်းရေးမှူး ဦးစိုးမင်းနှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

**ကောက်ယူလျက်ရှိ**

ဝမ်းတွင်းမြို့နယ်အနေဖြင့် မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၉ အုပ်စုရှိရာ ကောက်ကွက်ပေါင်း ၄၂၃ ကွက်ရှိပြီး စာရင်းကောက်အဖွဲ့ ၃၀ ဖြင့် အိမ်ထောင်စုပေါင်း ၄၂၂၈၃ စုကို စာရင်းများကောက်ယူလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သီးနှံတစ်ကေ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်နှင့် အသားတင်အကျိုးအမြတ်စာရင်း ကွင်းဆင်းစစ်တမ်းကောက်ယူနိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

သီးနှံတစ်ကေစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အသားတင်အကျိုးအမြတ်စာရင်း ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားခရိုင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရှိ သီးနှံအထွက်နှုန်းဆန်းစစ်အကဲဖြတ်စင်တာ၌ ကျင်းပသည်။



**ဆွေးနွေး**

ဆွေးနွေးပွဲတွင် မြေမျိုးအလိုက် မြေခွန်နှုန်းထားခွဲခြားသတ်မှတ်ခြင်းကို အသားတင်အကျိုးအမြတ်ရရှိသည့် အခြေအနေပေါ်တွင် အခြေခံ၍ တွက်ချက်ဆောင်ရွက်နိုင်ရန်၊ တောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသတင်းအချက်အလက်များ ဖော်ထုတ်ဖြန့်ဝေပေးနိုင်ရန်၊ သီးနှံဈေးကွက်ဈေးနှုန်းနှင့် သီးနှံစိုက်ပျိုးသည့်တောင်သူများ၏ တစ်ကေစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို မှတ်တမ်းတင်ထားရှိနိုင်ရန်၊ တစ်ကေကုန်ကျစရိတ်နှင့် အသားတင်အကျိုးအမြတ်စာရင်းများ စစ်တမ်းကောက်ယူရာတွင် တစ်ပြေးညီဖြစ်စေရန်၊ သီးနှံအမျိုးအစားအလိုက် မေးခွန်းလွှာအချက်အလက်များ တစ်ပြေးညီဖြစ်စေရန်၊ နမူနာတောင်သူအရေအတွက် တွက်ချက်ခြင်းနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံရသည့်အခက်အခဲများ တင်ပြဆွေးနွေးရန်၊ စာရင်းကောက်ယူမည့် နမူနာအရေအတွက် သတ်မှတ်ခြင်းနှင့် အသုံးပြုသည့် နည်းစနစ်များ တစ်ပြေးညီဖြစ်စေရန်၊ စက်ကိရိယာပိုင်ဆိုင်မှုအတွက် စက်တန်ဖိုးလျှော့တွက်ချက်ခြင်းနှင့်ပတ်သက်၍ တစ်ပြေးညီဖြစ်စေရန်၊ စိုက်ဧရိယာ၊ အထွက်နှုန်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်၊ အထွက်တန်ဖိုးနှင့် အသားတင်အကျိုးအမြတ်များ တွက်ချက်မှုအရ ကွဲလွဲချက်(SD)များ တစ်ပြေးညီဖြစ်စေရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရယူစိုက်ပျိုးသည့် တောင်သူများ၏အချက်အလက်များကို ပြည့်စုံစွာစာရင်းကောက်ယူရန် စသည်တို့ကို ဆွေးနွေးဆောင်ရွက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ ၇ ရက်ထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကိုစာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရရှိသည့် စာရေးသူ စောပုလဲမယ်၏ "ရွှေတိဂုံစေတီတော် ခေါင်းလောင်းတော်များ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

၎င်းစာအုပ်သည် ရွှေတိဂုံစေတီတော်ကြီး၌ အလှူရှင်အဆက်ဆက် လှူဒါန်းခဲ့ကြသော ခေါင်းလောင်းတော်များတွင် ရေးထိုးထားခဲ့ကြသည့် ကမ္ပည်းစာများနှင့် အမှတ်အသားများမှာ နှစ်ကာလကြာမြင့်လာသောအခါ ပျောက်ကွယ်သွားနိုင်သဖြင့် နောင်လာနောက်သားများ သိခွင့်ရစေရေးအတွက် စာအုပ်အဖြစ် မှတ်တမ်းတင်နိုင်ရန် အချိန်ယူ အလေးထားပြီး လက်တွေ့လေ့လာပြုစု ရေးသားထားသော စာအုပ်ဖြစ်သည်။ ကမ္ဘာ့အကြီးဆုံးခေါင်းလောင်း၊ မြန်မာ့အကြီးဆုံးခေါင်းလောင်း၊ ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်ရှိ ခေါင်းလောင်း ၃၃ လုံး၊ အလယ်ပစ္စယံရှိ ခေါင်းလောင်း သုံးလုံး၊ အောက်ပစ္စယံရှိ ခေါင်းလောင်း ခြောက်လုံး၊ မြေညီထပ်ရှိ ခေါင်းလောင်း နှစ်လုံး စသည့် ခေါင်းလောင်းများ၏ အလှူရှင်များစာရင်းနှင့် မှတ်တမ်းမှတ်ရာများကို အခန်း ခုနစ်ခန်း ခွဲခြားကာ ဓာတ်ပုံများ ဝေဝေဆာဆာနှင့် ကျမ်းကိုး အထောက်အထား ပြည့်စုံစွာဖြင့် စေတနာထားကြိုးစားပြီး ပြုစုထားသော စာအုပ်ဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းဆိုင်ရာ အချက်အလက်များအတွက်လည်း များစွာ အထောက်အကူပြုနိုင်စွမ်းရှိသဖြင့် တန်ဖိုးရှိလှသော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၅၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ်(တ- ၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပါးစပ်ပြောသည့်စကား စကားပြောသည့်ပါးစပ်




မြိုင်-တင်လှိုင်နှင့် သူ၏ရေးဖော်ရေးဖက်များစီစဉ်သည့် ပါးစပ်ပြောသည့်စကား စကားပြောသည့်ပါးစပ်စာအုပ် ထွက်ရှိလာသည်။

အဆိုပါ စာအုပ်ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းခံကတော့ စာရေးသူ မြိုင်-တင်လှိုင် အသက်(၈၀)ပြည့်အတွက် မှတ်မှတ်ရရ ကျန်ရှိစေလို၍ ဖြစ်ပါသည်။ စာရေးသူ အသက်(၈၀)ပြည့်သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၄ ရက်တိုင်တိုင် နေထိုင်ပေါင်းသင်းဆက်ဆံခဲ့ရသည့် သူငယ်ချင်း၊ မိတ်ဆွေတို့ရှိသည့်အနက် စာပေနယ်မှ စာပေဝါသနာပါ၍ စာရေးနေကြလျက်ရှိသည့် စာရေးခဲ့သူများ၊ စာရေးဆရာများနှင့်အတူ အမှတ်တရဖြစ်စေမည့် စာအုပ်ဖြစ်ပါက ပို၍ကောင်းမွန်တင့်တယ်ပေမည်ဟု စဉ်းစားမိ၍ လက်လှမ်းမီသောသူများထံ ဖိတ်ခေါ်စာမူများ ချီးမြှင့်ပေးပါရန် ဖုန်းဆက်၍ အကြောင်းကြားခဲ့ပါသည်။ စာမူများကို စေတနာအပြည့်ဖြင့် ပေးပို့ကြသဖြင့် ဝမ်းသာခြင်းဖြစ်ရပါသည်။

စာအုပ်အမည်အတိုင်း မိတ်ဆွေသူငယ်ချင်းများ၏ ပါးစပ်မှပြောသည့်စကားတွေ၊ သူတို့ပြောသည့်ပါးစပ်မှ ထွက်ကျလာသော စကားလုံးတွေကို ဖော်ပြပေးရသည့်အတွက် ပီတိဖြစ်ရပါသည်။ စာရေးသူမပြောဘဲ မနေနိုင်သဖြင့် လည်းကောင်း၊ ပြောချင်လွန်း၍လည်းကောင်း၊ ကျေးဇူးရှင်မိဘနှစ်ပါးသည် စာရေးသူအား လူ့ဘဝသို့ အသက်(၈၀)တိုင်အောင် မွေးကျွေး၊ ပညာသင်ပေးခဲ့ပါသော ကျေးဇူးရှင်ကို အသက်ရှည်သမျှ မေ့မရပါကြောင်း အဆိုပါစာအုပ်ဖြင့် မှတ်တမ်းတင်အပ်ပါသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် (၂၁၉)၊ လမ်း (၄၀) အလယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၇၇၁၃၉၄၇၇နှင့် ၀၉ ၇၆၀၄၆၈၁၃၈တို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဒရုန်းစစ်ပွဲများ




စာရေးသူ စိုးညွန့် မြန်မာပြန်ဆိုထားသည့် ဒရုန်းစစ်ပွဲများစာအုပ် ထွက်ရှိလာသည်။

ဒရုန်းလောကကိုစတင်၍ လမ်းကြောင်းဖောက်လုပ်ခဲ့သည့် အစ္စရေးနိုင်ငံ၏ ဒရုန်းဖခင် Yair Dubester၊ အမေရိကန်နိုင်ငံ၏ ဒရုန်းဖခင် အစ္စရေးလူမျိုးအမေရိကန်နိုင်ငံသား Abrahan E. Karem ၊ တူကီယဲနိုင်ငံ၏ ဒရုန်းဖခင်ဖြစ်သည့် Selcuk Bayratar တို့သည် လူငယ်လူရွယ်ကလေးဘဝမှသည် ဒရုန်းနည်းပညာကို လေ့လာ၍ ဆန်းသစ်တီထွင်နိုင်ခဲ့ကြခြင်းဖြစ်သည်။

ထိုလူငယ်လေးများသည် ၎င်းတို့နိုင်ငံ၏ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စစ်စွမ်းရည်ဆိုင်ရာ လိုအပ်ချက်များကို လေ့လာဆန်းစစ်၍ တီထွင်ဖန်တီးရာမှတစ်ဆင့် ယခုကဲ့သို့ မောင်းသူမဲ့လေယာဉ် ဒရုန်းမျိုးဆက်များကို အောင်မြင်စွာ စတင်တီထွင် ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ သို့ဖြစ်၍ ကျွန်တော်တို့အမိမြန်မာနိုင်ငံတော်ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေးအတွက် မြန်မာနိုင်ငံသား မျိုးဆက်သစ်ခေတ်ပညာတတ် လူငယ်လူရွယ်များအနေဖြင့်လည်း အထက်ဖော်ပြပါ ဒရုန်းထုတ်လုပ်ခဲ့ကြသည့် လူငယ်ကလေးများကဲ့သို့ အနာဂတ်မြန်မာနိုင်ငံတော်၏ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားအတွက် ဂုဏ်ယူနိုင်လောက်သည့် ဒရုန်းမျိုးဆက်များကို ကိုယ်တိုင်ထုတ်လုပ် တီထွင်ဖန်တီးနိုင်ကြပါစေကြောင်း စာရေးသူက ဆုတောင်းမေတ္တာပို့သထားသည်။

စာအုပ်ကို ဦးမျိုးသန်း၊ မျိုးသန်းပုံနှိပ်တိုက်တွင်ပုံနှိပ်ပြီး ဦးကျော်ဇော်ဦး အော်ကျူးမီဒီယာစာပေမှ ထုတ်ဝေကာ တန်ဖိုးငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားသည်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)တွင် ကကွက်ပြိုင်ပွဲ၊ ဝိတ်တန်းအလိုက်အတိုက်ပြိုင်ပွဲကို ယှဉ်ပြိုင်ကစားပြီး အားကစား အမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်တိုက်ကွမ်ဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

### ယှဉ်ပြိုင်ကစား

ထို့ပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသားကွာတားအဆင့် ပတ်လည်ပွဲစဉ်များကို လည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားရုံ၌ လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါအားကစားပြိုင်ပွဲများကို ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေး

**ကွမ်းခြံကုန်း အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက တော်ခရမ်းအရှေ့ကျေးရွာ၌ ကွင်းဆင်းထုတ်ချေးသည်။

ဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တော်ခရမ်းအရှေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦး စုစုပေါင်း အသင်းသား အသင်းသူ ၂၆၄ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၄၄၀ အား တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

★ ကျောဖုံးမှ

ကစားသမားများလျှော့ချကာ ၂၇ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာ ၅ ရက် ညနေပိုင်းက ထုတ်ပြန်လိုက်သည့် မြန်မာ့လက်ရွေးစင်အသင်း လူစာရင်းတွင် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြ-ဦးဇော်ဝင်းထွန်း၊ ဦးမင်းသူ၊ ဂိုးနည်းပြ-အန်ဒရီ (ဂျာမနီ)၊ ကစားသမားများအဖြစ် ဂိုးသမား-ဆန်းဆက်နိုင်၊ ပြည့်ဖြိုးအောင် (ရန်ကုန်ယူနိုက်တက်)၊ ပြည့်ဖြိုးသူ (ရှမ်းယူနိုက်တက်)၊ နောက်တန်း-ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ဖွဲ့ခန့်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော် (ရှမ်းယူနိုက်တက်)၊ ဇော်ရဲထွန်း (ဒဂုံစတား)၊ ကျော်ဖြိုးဝေ၊ သူရိန်စိုး (ရန်ကုန်ယူနိုက်တက်)၊ စိုးမိုးကျော် (Tiffy Army-ကမ္ဘောဒီးယား)၊ အလယ်တန်း-ဝေလင်းအောင်၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ ခိုင်ရဲဝင်း (အား/ကာသိပ္ပံ)၊ လွင်မိုးအောင် (ရရောင်း-ထိုင်း)၊ ကျော်မင်းဦး (PDRM-မလေးရှား)၊ လားဒင်မောရ (ဟံသာဝတီယူနိုက်တက်)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘီလမ်-မလေးရှား)၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ)၊ ဆွမ်လမန် (ဒဂုံစတား)၊ ရှေ့တန်း-ဝင်းနိုင်ထွန်း (ချင်းရိုင်ယူနိုက်တက်-ထိုင်း)၊ ရန်ကျော်ထွေး (ရန်ကုန်ယူနိုက်တက်)၊ သန်းပိုင် (ကန်ချာနာဘူရီ-ထိုင်း) နှင့် အောင်မြတ်သူ (ဟံသာဝတီယူနိုက်တက်) တို့ ပါဝင်ကြသည်။

**ခြေစမ်း ပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်**

မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာ လက်ရွေးစင်အသင်းတို့သည် အောက်တိုဘာ ၁၀ ရက်၊ ၁၃ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF

✻ ဒီယေဂိုဂျိုတာမှ

အမှတ်ပေးဇယားထိပ်ဆုံးမှာ ယာယီ ဦးဆောင်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

ပရိသတ် ၂၅၁၈၅ ဦးအထိ လာရောက်အားပေးခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းဟာ ဘောလုံးပိုင်ဆိုင်မှု ၆၇ ဒသမ ၇ ရာခိုင်နှုန်းအထိရှိခဲ့ပြီး အိမ်ရှင်ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ ဘောလုံးပိုင်ဆိုင်မှု ၃၁ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိခဲ့တာဖြစ်ပါတယ်။

ယခုနိုင်ပွဲကြောင့် လီဗာပူးအသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ရဲ့ နောက်ဆုံးခြောက်ကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာ လီဗာပူးအသင်းက သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်အောင် ကစားထားနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ် အသင်းကတော့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ခုနစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ်သုံးမှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၁၈) နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ငွေကြယ်



## ဘိုကလေးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဘိုကလေး အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက သာပေါင်းကျေးရွာအုပ်စု ကျောင်းချောင်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းလှိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျောင်းချောင်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကျောင်းချောင်းကျေးရွာရှိ အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၂၅၀၊ အကျယ် ၁၅ ပေ၊ ဒု ခြောက်လက်မရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆ ဒသမ ၆၄ သန်း ပြည်သူ့ထည့်ဝင် ငွေကျပ် ၂ ဒသမ ၀၆ သန်းကို အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူကိုယ်တိုင် ၂၀၂၄ ခုနှစ် မေလစတုတ္ထအပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ JJJ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန် နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**သင့်သွေးဖြင့် အသက်ကယ်ပါ**


ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/စီမံကိန်း(၂)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ် (၅၄) ပေါ်တွင် ဆောက်လုပ်ထားသော (၂ခန်းတွဲ) (၃)ထပ်ခွဲတိုက်၏ ၃-လွှာ(ဒုတိယထပ်) (တိုက်အားမျက်နှာမူလျှင်ညာဘက်ခြမ်း) အကျယ်အဝန်း (၁၄'× ၅၄') ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရှိထားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးဝေလင်းထွန်း (၁၂/ဒဂရ (နိုင်) ၀၁၀၇၁၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ခင်မာချို (၇/ဝမန (နိုင်) ၀၂၂၆၉၆) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်အေးမွှင့်မြို (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၉၁)
အမှတ်(၄၉၄)၊ တတိယထပ်၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၅၃၃၁၀၊ ၀၉ ၇၉၉၈၀၁၃၆၆



**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၃)၊ မြေကွက်အမှတ်(၁၅၁၈)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေ၊ ပါမစ်မြေအမျိုးအစား၊ အမည်ပေါက် ဒေါ်တင်မြင့်(အီးအေ-၁၀၄၉)[၁၂/ဥကတ(နိုင်)၁၁၀၂၂၇]၊ ၎င်းထံမှ တစ်ဆင့် အဆင့်ဆင့်ဆက်စပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး တရားဝင်ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုလာသူ ဦးနီလာထွန်း[၉/ပမန(နိုင်)၁၂၂၂၈၄]က ကျွန်ုပ်၏မိတ်ဆွေအား ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိပါကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားများယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာဦး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၄၆)**
**ဖုန်း-၀၉-၇၉၅၆၄၁၆၀၀၊ ၀၉-၄၂၈၁၄၄၅၇၅၊ ၀၉-၉၆၂၉၆၅၇၆၇**



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်း(၁)လမ်း၊ တိုက်(၂၀) (ခေါင်းရင်းခန်း)၊ ၄-လွှာ(A)၊ (၇)ထပ်တိုက်၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀ ပေ) ရှိ တိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခု တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နိုင်နိုင်အေး [၁၂/လမတ(နိုင်)၀၆၆၅၉၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပြုံးပြုံးအေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြည်ကြည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၂၂၀၁ )**
**အမှတ်(၂၃၁)၊ ငုဝါလမ်း၊ စောမြောက်ရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၉၃၅၆၆၃၁၅**



**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်ကြီးလမ်း၊ အမှတ်(၂၅)ပထမထပ်၊ အကျယ်အဝန်းပေ (၂၃x၃၈)ပေရှိသော တိုက်ခန်း၏ အကျိုးခံစားခွင့်အား ပိုင်ဆိုင်သူ ဒေါ်လှလှဝင်း[၁၄/ဟသတ(နိုင်)၀၄၃၄၁၄]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်လင်း[၉/မထလ(နိုင်)၂၁၁၆၅၈]ကိုင်ဆောင်သူမှ ဝယ်ယူရန် သဘောတူသည့် အလျောက် တိုက်ခန်း၏ အရောင်းတန်ဖိုးငွေများအား (၂၆-၉-၂၀၂၄)ရက်နေ့တွင် အပြေအကျေပေးချေဝယ်ယူ၍ တရားဝင် လက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နိုင်နိုင်ဌေး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၅၄/၁၄-၂-၂၀၁၇)**
**အမှတ်(၇၈)၊ (၃)လွှာA၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-420226741**



**အများသိစေရန်အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂/ပန်းလှိုင်၊ လူနေရပ်ကွက်အမှတ်- ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ (Bamboo Villas)၊ မြေကွက်အမှတ်(၁၀၂/B)၊ ဧရိယာ(၀.၁၉၄)ဧကရှိ နှစ်(၆၀) မြေငှားစာချုပ်ရရှိပြီးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ(Bamboo Grove Villas)၊ အမှတ်(၂)ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အမည်ပေါက် ဦးစိုးလင်းထက် [၁၂/အစန(နိုင်)၁၇၃၇၁၇]မှ ဦးယဲန်းတူး (ခ) ဦးယဲန်းဟူး [၁/မစန(နိုင်)၀၄၃၉၃၄]သို့ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၉၄၅၁/၂၀၂၂ အား (၈-၆-၂၀၂၂)နေ့တွင် အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ ယခုအခါ အထက်ပါမြေကွက်နှင့်ပတ်သက်၍ အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား အသုံးပြုရန်မလိုအပ်တော့ပါသဖြင့် ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးစိုးလင်းထက်** | **ဒေါ်သီတာအုန်း** |
| **[၁၂/အစန(နိုင်)၁၇၃၇၁၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)** |

**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**(၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၀၆၀၇**



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး (ဘီ)ရုံ၊ မဟာဗန္ဓုလလမ်းမပေါ် ၂၅လမ်းနှင့် ၂၆လမ်းကြား ဆိုင်အမှတ် (၃၇၀/ခ)၊ (အပြင်တန်း)၊ အကျယ်အဝန်း(၆ပေx၁၂ပေ)ရှိ ဆိုင်ခန်း(၁)ခန်းကို မိခင် ဒေါ်စန်းစန်းရီ ၁၂/ပဇတ(နိုင်)၀၀၃၈၀၃မှ ဆိုင်ခန်းအမည်ပေါက်ပိုင်ဆိုင်ပြီး အမည်ပေါက်ပိုင်ဆိုင်သူ မိခင် ဒေါ်စန်းစန်းရီမှာ (၈-၇-၂၀၁၈)ရက်တွင် လည်းကောင်း၊ ဖခင်ဦးအောင်ချစ်မှာ(၂၃-၁၀-၂၀၀၃)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ သားသမီးများဖြစ်သော (၁)ဒေါ်ဇာရီအောင် ၁၂/ရကန (နိုင်)၀၄၅၃၇၆၊ (၂) ဒေါ်သီတာအောင် ၁၂/ရကန(နိုင်)၀၄၇၄၈၂၊ (၃) ဦးမျိုးမင်း ၁၂/ပဇတ(နိုင်)၀၀၃၈၀၄၊ (၄) ဦးညွန့်ဝင်း ၁၂/ပဇတ(နိုင်)၀၀၃၈၀၆နှင့်(၅)ဒေါ်ရည်ရည်မွန် (၁၂/ပဇတ(နိုင်)၀၀၃၈၀၈တို့ (၅)ဦးမှ အမွေဆက်ခံပိုင်ဆိုင်လာပြီး အဆိုပါလူပုဂ္ဂိုလ် (၅)ဦးက ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းတို့(၅)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါဆိုင်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ(သို့)ဆက်ခံခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးသူ (LLB) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၆၂)**
**အမှတ်(၉၁)၊ ၄-လွှာ(ဘီ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၃၂၂၇၆**



**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ပိတောက်ဝါ(၄)လမ်း၊ အမှတ်(B-48)နေ **ဦးကျန်အောင်ဝင်း** [၉/မနမ(နိုင်)၀၈၀၀၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

**"ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ကံ့ကော်ရိပ်သာ-၁ရပ်ကွက်၊ ကံ့ကော်ရိပ်သာ(၃)လမ်း၊ မြေကွက်အမှတ်-၁၈၃ ဟုခေါ်တွင်သော အကျယ်အဝန်း(၁၀၀ x ၁၀၀)ပေ၊ (၀.၂၂၉)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"** တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် နှစ်(၆၀) မြေငှားဂရန်ရရှိထားသူ **ဒေါ်ရင်ဌေး** [၁၀/မလမ(နိုင်)၁၁၀၅၉၆]မှ လက်ရှိထားစီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျန်အောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၇၅)**
**အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊**
**ရန်ကုန်မြို့။ Ph-09-254405798**



**(၁၈-၉-၂၀၂၄)နေ့ထုတ်ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၀)၌ အထူးကိုယ်စားလှယ်စာအမှတ်(၉၂၆၄/၂၀၂၀)အား ရုပ်သိမ်းကြောင်း ကြေညာချက်အား ပြည်လည်ရုပ်သိမ်း၍ ကိုယ်စားလှယ်စာအတိုင်း ဆက်လက်ဆောင်ရွက်ရန်အတွက် ဒေါ်စောယုမွန်နှင့်အများသိစေရန်**

ဒေါ်စောယုမွန်အမည်ပေါက် ဒလမြို့နယ်ရှိမြေကွက်ကို စီမံခန့်ခွဲဆောင်ရွက်ရန် လုပ်ငန်းရပ်များ ဖော်ပြလျက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၉၂၆၄/၂၀၂၀ (၆-၈-၂၀၂၀)ကို ဦးဇော်မင်းထိုက်သို့ တရားဝင်လွှဲအပ်ပေးခဲ့၍ အခွန်အခငွေများပေးဆောင်ခြင်း၊ မှတ်ပုံတင်စာချုပ်ပြီးစီးသည်အထိ ဆောင်ရွက်ခြင်းများပြုခဲ့ပြီး၊ အမည်ပြောင်းဆောင်ရွက်ရန်အဆင့်တွင် အထက်ပါကြေညာချက်ကြောင့် ဦးဇော်မင်းထိုက်တွင် ငွေကြေးဆုံးရှုံးနစ်နာခြင်း၊ အချိန်ကုန်လူပင်ပန်း ဆင်းရဲနစ်နာရမှုများဖြစ်ပေါ်ခံစားရပါသဖြင့် အထက်ပါကြေညာချက်ကို ပြန်လည်ရုပ်သိမ်း၍ ကိုယ်စားလှယ်စာအတိုင်း ဆက်လက်ဆောင်ရွက်ရန်အတွက် (၂၂-၁၀-၂၀၂၄)နေ့ကို နောက်ဆုံးထားလျက် ကျွန်ုပ်တို့ထံမှ တစ်ဆင့်ဖြစ်စေ၊ ဦးဇော်မင်းထိုက်ထံသို့ မပျက်မကွက်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးပါရန်နှင့် ပျက်ကွက်ခြင်းကြောင့် မလွှဲမရှောင်သာဘဲ တရားဥပဒေအရ ဆောင်ရွက်ရခြင်း၌ နစ်နာရမှုများအတွက် ပေးလျော်ရခြင်းများလည်း ဖြစ်စေနိုင်လိမ့်မည်ဖြစ်ကြောင်း သဘောရိုးနှင့်အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မင်းထိုက် [၁၂/မရက(ဧည့်)၀၀၀၁၄၅] ၏ လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဒေါ်လှမြတ်ကျော် (LL.B)** | **ဒေါ်လဲ့လဲ့မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၈၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၆)** |

**တိုက်အမှတ်(၂၇၄)၊ အခန်း(၁)၊ ရန်ကင်းလမ်း၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-262356692, 09-251119895**

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစကျူ ဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာ ပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့် အတူ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော် အပ်ပါသည်။ ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တိုးချဲ့ (၄)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (က၁-၁၃)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်ကို ဒေါ်ရီရီဝင်း [၉/မထလ(နိုင်) ၁၂၃၄၉၂] တစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် ဒေါ်ဆလီမာဘီ [၃/ကကရ(နိုင်)၀၅၉၈၇၉] မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ရာ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း၊ စာချုပ်မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်နေ့ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤခြံမြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဆလီမာဘီ**
**[၃/ကကရ(နိုင်)၀၅၉၈၇၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအေး (LLB,DBL,DIL)**
**အထက်တန်းရှေ့နေ (စဉ် - ၃၃၅၂၄)**
**ရက်စွဲ (၁၄-၆-၂၀၁၀)**
**အမှတ်(၃၂)၊ ဗိုလ်ဉာဏ(၃)လမ်း၊**
**မရမ်းကုန်း(၅)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-979008986**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ-၂၂)
## ပဲခူးခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၇ နှင့်ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၀၃

| | | |
|---|---|---|
| မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (၎င်း၏ကိုယ်စား ပဲခူးဘဏ်ခွဲ၊ မန်နေဂျာ-ဒေါ်နှင်းနှင်းဝေ) | နှင့် | ၁။ ဦးကျော်သန့်စိုး<br>၂။ ဒေါ်အိအိငြိမ်း<br>၃။ ဦးဆန်းသူ<br>၄။ ဦးစောဟန်ထွန်း |
| **(တရားနိုင်)** | | **(တရားရှုံးများ)** |

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ မြေတိုင်း-(၇)၊ အမှတ်-(၃)ရပ်ကွက်၊ ဗထူးလမ်းမ၊ အမှတ်-(၄၄၈)နေ တရားရှုံး အမှတ်-(၃) ဦးဆန်းသူ (ဘ) ဦးလှဝင်း နှင့် ပဲခူးမြို့၊ ဥဿာမြို့သစ်၊ မြေတိုင်း-(၇)၊ အမှတ်-(၃)ရပ်ကွက်၊ ဗထူးလမ်းမ၊ အမှတ်-(၄၄၇)နေ တရားရှုံးအမှတ်-(၄) ဦးစောဟန်ထွန်း(ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၇ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၁)ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နံ့သာနွေးနွေးဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ပဲခူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်- ၅၊ နည်းဥပဒေ ၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄၇

| | | |
|---|---|---|
| ဒေါ်ဆုထက်ထက်နိုင် | နှင့် | ဦးခင်မောင်ဆန်း |
| **(တရားလို)** | | **(တရားပြိုင်)** |

တိုက်ခန်းအမှတ်- 2A- 256၊ မုဒိတာအိမ်ရာ(၂)၊ ဖန်ချက်စက်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ် (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင် ဦးခင်မောင်ဆန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အဆိုလွှာပါအတိုင်း"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## "ဒဂုံမြို့သစ်နှင့် သန်လျင်မြေကွက်များ ဝယ်လိုသည်"

ဒဂုံဆိပ်ကမ်း (၆၀/၆၁/၇၇ မှ ၉၁ အထိ/ ၁၄၈ မှ ၁၅၁ အထိ) ရပ်ကွက်များ၊ ဒဂုံအရှေ့ (၁၀၈/၁၁၈ မှ ၁၃၉ အထိ/ ၁၅၅ မှ ၁၆၀) အထိ ရပ်ကွက်များ၊ တ/ဒဂုံ (၁၄၅/၁၄၆/၁၄၇/၁၅၂/၁၅၃) ရပ်ကွက်များ၊ သန်လျင်(အောင်ချမ်းသာတိုးချဲ့)ရပ်ကွက် မြေကွက်များကို ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။

**Ph: 01-7539922, 09-5134630, 09-798891857**
**(မြတ်တော်ဝင်)**

### အများသိစေရန်ကြေညာချက်

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်လမ်းဆုံပိုင်းရပ်ကွက်၊ ရန်ကုန်-ပြည်လမ်း၊ အမှတ်(၉၆)တွင် (၁)ထပ် Steel (Slab Roof) Mobile Phone အရောင်းဆိုင် ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ဒေါ်သက်နှင်းရည်ကို(ခ) သက်နှင်းရည်စိုးအမည်ပေါက် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ၁၅-၂-၂၀၁၉ ရက်နေ့တွင် ထုတ်ပေးထားသော အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် ၂၀၂၄-၂၀၂၅ ခုနှစ်သုံးနယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံတို့တင်ပြလျက် မြေအမည်ပေါက် ဒေါ်သက်နှင်းရည်ကို (ခ)သက်နှင်းရည်စိုး (၁၂/မဂဒ(နိုင်)၁၃၄၈၉၃)မှ BP1-11597ဖြင့် အဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂-၁၀-၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ- ၂၅ ပါ "(၂၂-၁-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ- ၂၆ ပါ ဦးသက်ထွန်း(ခ) ဦးဇော်ဇော် [၁၂/မဂတ(နိုင်) ၀၂၀၆၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဖြူဖြူဝင်း (အထက်တန်းရှေ့နေ)၏ "အများသိစေရန်ကြေညာခြင်း" ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း"တွင် ဒေါ်ဖြူဖြူဝင်း (အထက်တန်းရှေ့နေ)အစား ဒေါ်ဖြူဖြူမင်း (အထက်တန်းရှေ့နေ) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာစန်း [၁၂/မဂတ(နိုင်)၀၁၉၈၈၂]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးနန္ဒာ (LL.B, D.BL, D.ML, D.IL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၂၃၈/၂၀၁၂)**
**အမှတ်(၁၂)၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၄၆၁၇၂၂၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၈)၊ လူနေရပ်ကွက်အမှတ် (၂)ရပ်ကွက်၊ ဗထူး(၉)လမ်း၊ အမှတ် (၁၃၂) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေ မြေကွက်မှ တရားဝင် မခွဲစိတ်ရသေးသော ခေါင်းရင်းအစွန်ဆုံးခြမ်း (၁၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေ၊ မီး အစုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စိုးစိုးနိုင် [၁၀/မလမ (နိုင်) ၀၈၁၄၈၁]မှ အရှုပ်အရှင်းကင်းပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပိုးအိဖြူ [၁၁/မတန(နိုင်) ၀၁၉၄၁၈] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးမော်**
**တရားလွှတ်တော်ရှေ့နေ၊ လိုင်စင်အမှတ်(၁၀၇၂၄)**
**အမှတ်(၁၉၅)၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း- ၀၉- ၅၄၀၇၈၃၀**

## ဦးသန်းထိုက်(ခ)ဟမီးဒ်ခန်(ခ)ကိုပထန် [၁၂/သကတ(နိုင်)၁၃၆၅၆၉]နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ (၂၈)လမ်း၊ အမှတ်(၁၃၈)၊ ပထမထပ်နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မွေးမွေး(ခ)အခ်သားရ်ဂျန်း(ခ)ဂျာနီထံသို့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ်(၁၃)၊ ၅ လွှာနေ ဦးသန်းထိုက်(ခ) ဟမီးဒ်ခန်(ခ) ကိုပထန်မှ (၂၆-၈-၂၀၂၀)ရက်နေ့တွင် သွလာက် (၃)ကြိမ်ပေး၍ ကွာရှင်းပြတ်စဲစေခဲ့သည့်စာချုပ်ကို ဒေါ်မွေးမွေး(ခ)အခ်သားရ်ဂျန်း(ခ)ဂျာနီအား ပေးပို့ခဲ့သည်မှာမှန်သော်လည်း အဆိုပါကွာရှင်းပြတ်စဲစေသည့်စာချုပ်နှင့် သွလာက်ပေးခဲ့သည်ဆိုသောကိစ္စတို့ကို ဒေါ်မွေးမွေး (ခ)အခ်သားရ်ဂျန်း(ခ) ဂျာနီ၏ ရှေ့မှောက်၌ပြုလုပ်ခဲ့ခြင်းမဟုတ်ပါ။

ထို့အပြင် ဦးသန်းထိုက်(ခ)ဟမီးဒ်ခန်(ခ)ကိုပထန်အား အစ္စလာမ် ဘာသာရေးအဖွဲ့အစည်းတစ်ခုမှ ထုတ်ပေးထားသည်ဆိုသော ဓမ္မသတ်ကို လည်း ဒေါ်မွေးမွေး(ခ)အခ်သားရ်ဂျန်း(ခ)ဂျာနီ အနေဖြင့် သိရှိခြင်းမရှိပါ။ ဦးသန်းထိုက်(ခ)ဟမီးဒ်ခန်(ခ)ကိုပထန်မှ (၂၁-၁၂-၂၀၂၀)ရက်နေ့တွင် ထည့်သွင်းခဲ့သည်ဆိုသော သတင်းစာကြော်ငြာကိုလည်း ဒေါ်မွေးမွေး(ခ) အခ်သားရ်ဂျန်း(ခ)ဂျာနီက တစ်ဆင့်ကြားသိရှိခဲ့ခြင်းသာရှိပါသည်။ ဒေါ်မွေးမွေး (ခ)အခ်သားရ်ဂျန်း(ခ)ဂျာနီမှ ဦးသန်းထိုက်(ခ)ဟမီးဒ်ခန်(ခ)ကိုပထန် နှင့် ပတ်သက်လိုခြင်း မရှိသည့်အတွက် နေမြဲအတိုင်း နေထိုင်နေခြင်းကို ဦးသန်းထိုက်(ခ)ဟမီးဒ်ခန်(ခ)ကိုပထန်နှင့် ၎င်း၏မိတ်ဆွေအချို့မှ ရန်လို သောသဘောဖြင့် အင်တာနက်စာမျက်နှာများပေါ်တွင် ဒေါ်မွေးမွေး(ခ) အခ်သားရ်ဂျန်း(ခ)ဂျာနီအား မဟုတ်မမှန် ပုတ်ခတ်ရေးသားနေသည်ဟု ညွှန်ကြားချက်အရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ ဦးသန်းထိုက်(ခ)ဟမီးဒ်ခန်(ခ) ကိုပထန်နှင့် ၎င်း၏မိတ်ဆွေအချို့မှ နောက်နောင်တွင် ဒေါ်မွေးမွေး(ခ) အခ်သားရ်ဂျန်း(ခ)ဂျာနီအား ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် မည်သည့်ကိစ္စကိုမျှ မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့သည် ရှိသော် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသန်းထိုက်(ခ)ဟမီးဒ်ခန်(ခ)ကိုပထန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မွေးမွေး(ခ)အခ်သားရ်ဂျန်း(ခ)ဂျာနီ၏ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၉၈)**
**အမှတ်(၁၈)၊ ဒုတိယထပ်၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး/တောင်ရပ်ကွက်၊ အောင်စကြာလမ်း၊ အမှတ်- ၄၀၆/က၊ ၄၀၇/ခ ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ် (ခြေရင်းခန်း)၊ အကျယ် (၁၉'x၅၅')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေရှင် ဦးမျိုးအောင် [၁၂/လကန(နိုင်) ၀၁၂၀၆၄]ထံမှ (၂၀-၁၂-၂၀၂၂)ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်" အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်သဇင် [၁၂/ရကန(နိုင်) ၀၂၇၄၃၆]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘော တူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)** |

**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/၅)၊ လူနေရပ်ကွက်အမှတ် (၅)၊ ခတ္တာလမ်း၊ မြေကွက်အမှတ် (၈၅/က)၊ အကျယ်အဝန်း (ပေ ၂၀x ပေ ၆၀)၊ ဧရိယာ (၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိသော နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ၊ မြေအမည်ပေါက်ပိုင်ရှင် ဦးမျိုးနိုင် [၁၂/အစန(နိုင်) ၀၈၆၉၀၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေလင်း [၇/ကဝန (နိုင်) ၁၈၁၁၈၁]က ဝယ်ယူရန်အတွက် "နှစ်ဦးသဘောတူ မြေနှင့် အိမ်အရောင်းအဝယ် စရန်ပေးကတိစာချုပ်"ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း (မူရင်း)အထောက်ထားများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေလင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအောင်ဖြိုးလတ် (LL.B)** | **ဦးဖြိုးဝေဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၅)** | **အထက်တန်းရှေ့နေ (စဉ် - ၅၃၁၂၉)** |

**အမှတ်(၁၀၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ (၃/မာန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၇၀၀၅၂၁၈၅၊ ၀၉-၂၆၃၇၃၇၄၉၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊မြေကွက်အမှတ်- (၅၁၂)၊ အလျား (၄၀)ပေx အနံ (၆၀)ပေ ဒေါ်ပါးပါး အမည်ပေါက် မြေချပါမစ်(မူရင်း)၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ရေ၊ မီး အပြည့်အစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မြတ်သီရိနွယ် [၁၂/သလန(နိုင်) ၁၁၇၈၈၁] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ)တစ်စိတ်တစ်ဒေသကို ပေးချေထားရှိပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟုအဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးငြိမ်းသူ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၂၃၉)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း- ၀၉-၉၆၆၈၇၄၈၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဘိုးစိန်လမ်းနှင့် စာသင်ကျောင်းလမ်းထောင့်၊ အိမ်အမှတ်(၀/၁၇၆)၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(၂၄/က/၁)၊ ဧရိယာ (၀.၀၃၄)ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်မျိုးသူ (ဘ) ဦးတင်ကြိုင် [၁၂/သခန(နိုင်) ၀၉၂၂၂၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သက်သက်ခိုင် [၁၂/ဥကတ(နိုင်) ၁၇၁၁၀၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီရိဦး (LL.B) (LL.M)** | **ဒေါ်ဝေဝေဖြိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၈၀၂)** |

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း- ၀၉-၄၂၀၁၃၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၂-ရပ်ကွက်၊ ပါရမီလမ်း၊ Golden Parami Condo Tower (B) 2nd Floor၊ Unit (7)၊ အခန်းအမှတ်- ၂၀၇၊ အကျယ်အဝန်း (1951.86)Sqft ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ဦးထက်အောင်ခိုင် [၁၂/ရပသ(နိုင်) ၀၅၆၇၉၈]နှင့် ဒေါ်သက်ထားခိုင် [၁၂/မဂဒ(နိုင်) ၁၃၅၁၄၄] တို့မှ ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေအိဖြိုး [၁၂/လမန(နိုင်) ၁၄၁၄၅၂]နှင့် ဦးဟိန်းခန့်မောင်မောင် [၁၂/ကမရ (နိုင်) ၀၅၆၇၉၈]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းမော်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် -၁၁၆၉၅/၂၀၁၆)**
**ရုံးခန်း- မ (၇၃၇/၇၄၁)၊ ၀၀၅၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၄၉၃၃၆၀၊ ၀၉-၇၉၅၁၇၂၃၂၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၂၊ မြေကွက် အမှတ်- ၆၆၄၊ အလျား (၄၀')၊ အနံ (၆၀')ရှိ ဒေါ်တင်အေး (SDY- ၀၁၈၁၆၁) အမည်ပေါက် ပါမစ်မူရင်းပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ရှိထားပိုင်ရှင်ဖြစ်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာသူ ဒေါ်ထွေးထွေးရီ [၁၂/သဃက(နိုင်) ၀၁၃၉၁၅]ထံမှ ဝယ်ယူရန်အတွက် ဒေါ်ခိုင်စန္ဒာအောင် [၁၂/မရက(နိုင်) ၀၂၅၃၁၆]၊ ဒေါ်မေသူထက် [၁၂/မရက(နိုင်) ၁၃၆၂၀၀]တို့က စရန်ပေးစာချုပ်ချုပ်ဆို၍ (၄-၁၀-၂၀၂၄) ရက်နေ့က စရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၀) ရက် အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသိမ်း [B.A(Law) ; LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၄)**
**အမှတ် (၅၆၃)၊ ပီမိုးနင်း (၂)လမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၀၁၇၂၆၈၁**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှ စတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဟူ၍ ရှိ...**

❖ **အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...**

❖ **ထို့ကြောင့်ပညာအသက်သည် ဘဝတစ်သက်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိက အရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

---



ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ဒီယေဂိုဂျိုတာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ ခရစ္စတယ်ပဲလေ့စ်ကို လီဗာပူး အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၇)ရဲ့ အောက်တိုဘာ ၅ ရက်ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ်လာရောက်ကစားခဲ့ရတဲ့ လီဗာပူးအသင်းဟာ ပထမပိုင်း ပွဲကစားချိန် ကိုးမိနစ်မှာ သွင်းယူခဲ့တဲ့ ဒီယေဂိုဂျိုတာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီနိုင်ပွဲကြောင့် ပရီမီယာလိဂ်

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ❋

---

## သီရိလင်္ကာအသင်းနှင့် ခြေစမ်းကစားရန် မြန်မာ့လက်ရွေးစင်အသင်း လူစာရင်းထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာ့လက်ရွေးစင်အသင်းသည် သီရိလင်္ကာအသင်းနှင့် ခြေစမ်းပွဲကစားရန် ကစားသမား ၂၇ ဦးစာရင်းကို အောက်တိုဘာ ၅ ရက် ညနေပိုင်းက ထုတ်ပြန်လိုက်သည်။

**၂၇ ဦး ရွေးချယ်**

မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၉ ဦးဖြင့် ဖွဲ့စည်းကာ စက်တင်ဘာ ၂၄ ရက်တွင် စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် ခြေစမ်းပွဲကစားကာနီး ရက်ပိုင်းအလိုတွင်

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ☆



မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်။

---

**ယနေ့ ဖတ်စရာ**


**တောင်ဆူဒန်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၉၀၀၀၀၀ နီးပါး ထိခိုက်ခဲ့**

စာမျက်နှာ » ၁၃

**သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၅

**သီးနှံတစ်ဧက စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်နှင့် အသားတင်အကျိုးအမြတ်စာရင်း ကွင်းဆင်းစစ်တမ်းကောက်ယူနိုင်ရေး ဆွေးနွေး**

စာမျက်နှာ » ၂၂


---

## MNL ယူ-၂၀ ပြိုင်ပွဲတွင် Junior Lions အသင်းနှင့် သစ္စာအားမာန်အသင်း သရေကျ



Junior Lions အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ရန်ကုန် အောက်တိုဘာ ၅**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၇) နောက်ဆုံးနေ့ကို အောက်တိုဘာ ၅ ရက်က ပဒုမ္မာကွင်း၌ကျင်းပရာ Junior Lions အသင်းနှင့် သစ္စာအားမာန်အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

ကာတာ ခြေစမ်းခရီးစဉ်အပြီး ပထမဆုံးပြန်လည်ကစားရသည့် Junior Lions (ခ) မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းသည် သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ Junior Lions အသင်းသည် ယခုပွဲသရေရလဒ်ကြောင့် ဒုတိယနေရာမှ တတိယနေရာသို့ ဆင်းပေးခဲ့ရပြီး ထိပ်ဆုံးမှ ရှမ်းယူနိုက်တက် အသင်းနှင့်လည်း

**စာမျက်နှာ ၁၇ ကော်လံ ၅ သို့** ❍